ဗုဒ္ဓါနုဿတိရှုဖွယ်

# ဓမ္မစကြာပါဠိနိဿယ

## အနတ္တလက္ခဏာသုတ်ပါဠိနိဿယ

## ဓာရဏာနှင့် အဘိဏှသုတ်ပါဠိနိဿယ

နှင့်

သေပြီးနောက် သုဂတိရောက်လိုသော်

၁၉၈၄-ခုနှစ်၊ ဇွန်လ ၃၀-ရက်နေ့တွင်

ဘဝတပါးသို့ ပြောင်းသွားသည့်

**ဦးစိုးရ တိုင်းမင်းကြီး အငြိမ်းစား**

အတွက် ရည်မှန်းလျက်

**ဓမ္မဒါန**

၃၁၂
ဗ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄



ဦးစိုးရ ဝဏ္ဏကျော်ထင်၊ သီရိပျံချီ၊ တိုင်းမင်းကြီး အငြိမ်းစား

အစ်ကိုကြီး ဦးမိုးရ (မန္တလေး)

အသက် ၇၉-နှစ်အား ရည်စူးလျက်

စမ္ပဒါနရှင်

ဦးဘမြိုင် B. A., B. L. ဇနီး ဒေါ်စန်းကြည် နှင့်

သားသမီးများ

၁။ ဦးဇော်ဖေဝင်း

၂။ ဒေါ်ကြည်ကြည်မြိုင် B. Com. (A.A.)
ဦးအေးဆွေ Chief Engineer (ကြယ်ငါးပွင့်)
သား-မောင်ဇင်မင်းဆွေ၊ သမီး မခိုင်မမဆွေ၊

၃။ ဦးကျော်ဆွေလင်း 4th Engineer (Kapal Management, Singapore)

၄။ ဒေါက်တာ ဗိုလ်ဌေးဌေးမြိုင် M.B., B.S. (Rgn.)

# ဗုဒ္ဓါနုဿတိ-ရှုကွက်

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူသော နိဗ္ဗာနဂါမိနိပဋိပဒါ ကျမ်းမှ ကောက်နုတ်ချက်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာတို့၌ လာသော အရဟံ ဂုဏ်တော်ကြီး အာရုံပြုနည်းကို ပြပေအံ့။ ။အရဟံ ဂုဏ်တော်ကြီးကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ကပ်လျက်—

အရဟံ ဂုဏ်တော် ပွားနည်း ငါးမျိုး

အာရကတ္တာ အရဟံ။ ။အရီနံ ဟတတ္တာ အရဟံ။ ။အရာနံ ဟတတ္တာ အရဟံ။ ။ပစ္စယာဒီနံ အရဟတ္တာ အရဟံ။ ။ပါပကရဏေ ရဟာဘာဝါ အရဟံ။

အနက်ကား။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အာရကတ္တာ၊ တထောင့်ငါးရာ ကိလေသာတို့မှ စက္ကဝါ အနန္တထက် ဝေးကွာတော်မူသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟံ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော် ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရီနံ၊ တထောင့်ငါးရာ ကိလေသာ ရန်သူတို့ကို။ ဟတတ္တာ၊ လေးတန်ဉာဏ်

မဂ် စိန်သန်လျက်ဖြင့် ပယ်ဖျက်ခုတ်သတ်တော်မူသည်၏အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရာနံ၊ ပဋိစ္စသမုပ္ပါဒ် ချားရဟတ်သို့ မပြတ်လည်ရာ သံသရာစက်ကြီးတို့ကို။ ဟတတ္တာ၊ ကမ္မက္ခယိန် ဉာဏ်ပုဆိန်ကို ရွယ်ချိန်မိုးလျက် ချိုးဖွဲ ဖျက်ဆီးတော်မူသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထို မြတ်စွာဘုရားသည်။ ပစ္စယာဒိနံ၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ပေးလှူ ပူဇော်အပ်သော ပစ္စည်းလေးပါး စသည်တို့ကို။ အရဟတ္တာ၊ ခံယူထိုက်တော်မူသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ- အရဟံဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပါပကရဏေ၊ ယုတ်မာ ညစ်ကျူ မကောင်းမှုကို ပြုကျင့်ခြင်း၌။ ရဟာဘာဝါ၊ ဗုဒ္ဓဟောပင်မင်း ဗောဓိရင်းက ပယ်ရှင်းဟောတု ဘယ်တခုကိုမျှ ပြုကျင့်ဖို့ရာ ဆိတ်ကွယ်ရာအရပ် မရှိသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသော ငါးပါးသော အရဟံ ဂုဏ်တော်ကြီးကို စိတ်ဖြင့် အဖန်ဖန် အောက်မေ့ စီးဖြန်းရာ၏။

## အရဟံ ဂုဏ်တော် ပွားနည်း ၆-မျိုး

မန္ဒဗုဒ္ဓိနံ အာရကာ အရဟံ။ ။ဝိဇာနတံ အာရကာ အရဟံ။ ။ရဟာနံ သုပ္ပဟီနတ္တာ အရဟံ။ ။ဝိဒူနံ အရဟော-ယျတော အရဟံ။ ။ဘဝေသု ရဟာဘာဝါ အရဟံ။ ။ပသံသ-အရဟာတ္တာ အရဟံ။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ မန္ဒဗုဒ္ဓိနံ၊ ကိလေသာပြောထူ ညဏ်နုသူတို့မှ။ အာရကာ၊ မြတ်စွာဘုရား နောက်တော်၌ သက်နန်းစွန်းကို ကိုင်၍ လိုက်သော်လည်း သောင်းတိုက်စကြာဝါ ပမာမပြား ဝေးကွာခြားသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်မှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ ဟုတ်မှန်သဖြင့် အကြံသင့်၍ အကျင့်ပြောထူ ညဏ်ရှိသူတို့နှင့်။ အာရကာ-အာသန္နတ္တာ၊ အစွန့်တရာ ယူဇနာဝေး ကွယ်ကာဝေးရပ် နီးမစပ်သော်လည်း ချဉ်းကပ်နီးနား နေငြားတော်မူသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ရဟာနံ၊ စီးပွား နှစ်ဆူ ဖြည့်ကျင့်သူတို့ မယူဝေးရပ် စွန့်ပစ်အပ်ကုန်သော

မကောင်းမှုတို့ကို။ သုပ္ပဟီနတ္တာ၊ ဗောဓိညောင်ရွှေ ဗုဒ္ဓဟော ပင်မင်း အောင်မြေခင်း၌ အကြွင်းမချန် မဂ်လေးတန်ဖြင့် ပယ်လှန်တွန်းသတ် ဖြတ်တော်မူပြီးသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဒူနံ၊ သေက္ခာ သေက္ခ က,သျှာဏပုထုဇန် သူမွန်ဇာတိ ပညာရှိတို့သည်။ အရဟောယျတော၊ ကိုယ်စိတ်ညွတ်လျော သဒ္ဓါစော၍ နေ့ ရောညဥ့်ပါ အခါမလပ် မစွန့်အပ်သည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီး နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဝေသု၊ ဘဝ ကြီးငယ် အသွယ်သွယ်တို့၌။ ရဟာဘာဝါ၊ မြရိပ်ဝေဝေ အောင်မြေသာချက် ပလ္လင်ထက်က ကမ္မက္ခယန် မဂ်လေး တန်ဖြင့် သသမ္ဘာရဟ် ကမ္မဝဋ္ဋကို ပယ်ဖြတ်ဖျက်ဆီး အောင်မြင်ပြီးရကား သွားလာဖြစ်ပြန်ခြင်း မရှိသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပသံသအရ-ဟတ္တာ၊ သူတပါးထက် ထူးခြားကဲလွန် ဟုတ်မှန်ထင်ပေါ် ကျေးဇူးတော်ဖြင့် ကော်ရော်ကြွေးရိုက် ချီးမွမ်းထိုက်သည်၏ အဖြစ်ကြောင့်။ ဝါ၊ ရူပဝါစာ ဂုဏ်ဒိဋ္ဌာဏ စသည်ဥဿုံ အလုံး စုံကို အကုန်ချီးမွမ်းထိုက်သည်၏ အဖြစ်ကြောင့်။ အရဟံ၊

အရဟာ မည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား။

ဝိသုဒ္ဓိမဂ်ဋီကာ၌လာသော ခြောက်ပါးသော အရဟံ ဂုဏ်တော်ကြီးကို စိတ်ဖြင့် အဖန်ဖန် အောက်မေ့ စီးဖြန်းရာ၏။

ဗုဒ္ဓအပဒါန် ပါဠိတော်၌ လာသောနည်းကို အားထုတ်၍ မြတ်စွာဘုရားအာရုံ ထင်မြင်စွဲမြဲမှ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာတို့၌ လာသောနည်းကို စီးဖြန်းလျှင် ကြည်ညိုဘွယ် အလွန် သာလို့ကောင်း၏။

သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။

သဠာယတန သံယုတ်ပါဠိတော်နှင့် အညီ စိတ်တည်ကြည် ငြိမ်သက်လျှင် ရုပ်, နာမ်ဓမ္မ သဘာဝကို ဟုတ်တိုင်းမှန်စွာ ကေန်မုချ သိမြင်၍ ဝိပဿနာသည် အလွန်ထင်လွယ် အလွန် မြင်လွယ်၍ တနေ့ တနေ့၌ နှစ်ကြိမ် သုံးကြိမ် စိတ်တည် ကြည် ငြိမ်သက်အောင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ကြပ်ကြပ်ကြီး သတိထားကြလေ။ လိုရင်းကြီးမှတ်။

ကမ္မဋ္ဌာန်းတိမ်း၊ မာဝိယိမ်း၊ မငြိမ်းကိလေသာ။

ကိလေသာမူ၊ ရှိပြန်သူ၊ ပူ၍မစဲပါ။

မိမိကိုယ်ကို နှိပ်စက်မည့် ရန်သူကို လက်နက်ငါးပါးတို့တွင် တပါးပါးနှင့် သတ်၍ သေခြင်းသည်သာလျှင် လိုရင်းကြီး ဖြစ်သကဲ့သို့ မိမိကိုယ်ကို နှိပ်စက်မည့် လောဘ ဒေါသ

စသော ကိလေသာ ရန်သူကြီးကို သတ်နည်း နှစ်ပါးတို့တွင် တပါးပါးနှင့် ခွာနိုင် ပယ်နိုင် သတ်နိုင်ခြင်း၊ ကုသိုလ်စိတ်ဖြစ်ခြင်း၊ စိတ်တည်ကြည် ငြိမ်သက်ခြင်း၊ ဟုတ်တိုင်းမှန်စွာသိခြင်း၊ ကိုယ်စိတ်နှစ်ဖြာ အေးမြချမ်းသာခြင်းတို့ကိုသာ လိုရင်းကြီးမှတ်။ နည်းလမ်း ဟုတ်လေသလော မဟုတ်လေသလော တွေးတော ယုံမှားလျှင် ထင်မြင်ခဲ၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာတို့၌ လာသော အရဟံ ဂုဏ်တော်ကြီး အာရုံပြုနည်း ပြီး၏။

---

## ဗုဒ္ဓါနုဿတိ စီးဖြန်းရသော အကျိုး

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသူတို့ အကျိုးကို ပြပေအံ့။

အရှင်ဖုဿဒေဝမထေရ်သည်လည်း မာရ်နတ်မင်း ဖန်ဆင်း၍ ပြအပ်သော မြတ်စွာဘုရားအသွင်သဏ္ဌာန်ကို မြင်ရ၍ ရာဂ ဒေါသ မကင်းပဲလျက် တင့်တယ်သေး၏၊ ရာဂ ဒေါသ မောဟ ကင်းပြီးသော မြတ်စွာဘုရားမှာမူကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ အလွန်တင့်တယ်တော်မူပေစွတကား ဟု ဘုရားလျှင် အာရုံရှိသော ဗုဒ္ဓါရမ္မဏပီတိ ရ၍ ဝိပဿနာကို ပွားများအားထုတ်၍ အရဟတ္တဖိုလ်သို့ရောက်၏။ ။ပရိဝါ-အဋ္ဌကထာ။

အရှင်သုဘူတိမထေရ်သည် ပဒုမုတ္တရ ဘုရားလက်ထက်တော်၌ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ကောင်းမှုကြောင့် ကမ္ဘာ သုံးသောင်းပတ်လုံး နတ်ပြည်၌ မွေ့လျော်ရခြင်း၊ သိကြားမင်းအဖြစ် အကြိမ်ရှစ်ဆယ်၊ စကြာမင်းအဖြစ် အကြိမ်တထောင်၊ ပဒေသရာဇ်မင်းအဖြစ် ဂဏန်းသင်္ချာ

အရေအတွက်မရှိဖြင်၍ ကမ္ဘာတသိန်း အပါယ်မလားပဲ ငါတို့ ဘုရားသခင်လက်ထက်တော်၌ သုဘူတိ ရဟန္တာဖြစ်လာ၏။

သိင်္ဂါလ မာတာ မည်သော ဘိက္ခုနီမသည် ပဒုမုတ္တရ ဘုရား လက်ထက်တော်၌ ဘုရားရှင်ကို အဖန်တလဲလဲကြည်ညို သော ကောင်းမှုကြောင့် ကမ္ဘာတသိန်း အပါယ်မလားပဲ ငါတို့ ဘုရားလက်ထက်တော်၌ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေ၍ ရဟန္တာမအဖြစ်သို့ ရောက်လေ၏။ အရှင် သုဘူတိ မထေရ်၏ ကြည်ညိုဘွယ် အကျယ်ကို သိလိုမူ နိဗ္ဗာနမဂ္ဂဒီပနီ ကျမ်းမှာကြည့်လေ။

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနမနုတ္တရံ။
အပဒါန်ပါဠိတော်၊ ထေရာအဋ္ဌကထာ။

နန္ဒ၊ နန္ဒရသေ့။ ဘာဝနာနံ၊ ဘာဝနာ တကာတို့ထက်။ ဝါ၊ ကမ္မဋ္ဌာန်း တကာတို့ထက်။ အနုတ္တရံ၊ အလွန်အကဲ အမြတ်ဆုံးဖြစ်သော။ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကို။ ဘာဝေဟိ၊ ပွားစေလော့။ ဝါ၊ စီးဖြန်းလော့။ ။ပဒု-မုတ္တရမြတ်စွာဘုရားသည် နန္ဒရသေ့ကို မိန့်တော်မူ၏။

အရဟံ စ၊ အနန္တဟု များလှဥဿုံ၊ ဂုဏ်ပေါင်းစုံကို၊ တလုံလဲလဲ၊ အောက်မေ့စွဲက၊ အမြဲမကွာ၊ ထိုကျင့်ပါသား၊ ရာဂဒေါသ၊ မိုက်မောဟနှင့်၊ များလှထိုထို၊ အကုသိုလ်တို့၊ ပျက်ပျိကင်းဆိတ်၊ ကုသိုလ်စိတ်မူ၊ ဖိတ်ဖိတ်ဝင်းဝါ၊ ဖြောင့် မတ်စွာနှင့်၊ မာဃာကင်းငြား၊ ယောဂီအားလျှင်၊ များပြား သခဲ့၊ ဂုဏ်တော်တွေကို၊ ညွတ်လေဝိတက်၊ ထိုမှဆက်၍၊ မပျက်ဝိစာ၊ စဉ်အလာဖြင့်၊ များစွာပီတိ၊ ပဿဒ္ဓိကြောင့်၊ ဖြစ်ဘိသုခ၊ ကိုယ်စိတ်မှလျှင်၊ ချမ်းမြယောဂီ၊ ဂုဏ်တော်မှီ

၍၊ တည်ကြည်သမာ၊ ဈာန်အင်္ဂါတို့၊ မကြာခဏ၊ ဖြစ်ကုန်ကြ၏။ နန္တံဂမ္ဘီ၊ ဂုဏ်ထူးလည်ကို၊ အညီတမျှ၊ အောက်မေ့ကြ၍၊ မရ—ပ္ပနာ၊ ဥပစာဟု၊ ဈာန်သာဖြစ်ရန်၊ ထိုသည့်ဈာန်ကို၊ ဗုဒ္ဓံရေတွက်၊ ဤသို့ထွက်သည်၊ မင်္ဂဝိသုဒ္ဓိ ရွှေကျမ်းတည်း။

သုဒ္ဓိရွှေစာ၊ ကျမ်း၌လာသည်၊ များစွာဖလ၊ နိသံသကား၊ ဗုဒ္ဓရှိသေ၊ ကျိုးနွံလေ၍၊ ထွေထွေသဒ္ဓါ၊ ပြန့်ပြောစွာသည်၊ ပညာသတိ၊ ပညာဒိဟု၊ များဘိကုသိုလ်၊ လွန်နစ်လို၍၊ ထိုထိုပီတိ၊ ခမ်းမြောက်ဘိ၏။ တွေ့ရှိသောအခါ၊ ဘေးဘယာနှင့်၊ ကြင်နာနှိပ်စက်၊ ဆင်းရဲချက်ကို၊ ပယ်ဖျက်ပိုင်ပိုင်၊ သည်းခံနိုင်၏။ ဘုန်းလှိုင်သတ္တာ၊ စောမြတ်စွာနှင့်၊ မကွာတူကွ၊ နေထိုင်ရသို့၊ စိတ်ကမသွေ၊ ထင်မှတ်လေ၏၊ ကြီးထွေဂုဏ်တော်၊ ကိန်းအောင်းပျော်သည်၊ ထိုယောဂီ၏၊ သရီရဓာတ်၊ စေတီမြတ်သို့၊ လူနတ်ပြဟ္မာ၊ ပူဇော်ရာ၏။ ဗုဒ္ဓါဘူမိ၊ စိတ်ညွှတ်ဘိ၍၊ တွေ့ရှိရုံခါ၊ လွန်ကျူးဆာ၍၊ မြတ်စွာသုံးလူ့၊ သဗ္ဗညုကို၊ ရွေးရှုမျက်မှောက်၊ ဖူးမြင်ရောက်သို့၊ ရှက်ကြောက်လန့်ခြင်း၊ ဖြစ်လာလျှင်း၏။ ထိုးထွင်းသစ္စာ၊ မဂ်ပညာဖြင့်၊ ကောင်းစွာသိမြင်၊ ဤတွင်ဘဝ၊ မဂ်မရလည်း၊ မဂ်ရခြင်းငှာ၊ နတ်ရွာလူ့ပြည်၊ ကျင်လည်၍သာ၊ နေရပါ၍၊ များစွာအကျိုး၊ လွန် ပြည့်ဖြိုးသည်၊ ဘေးမျိုး ကင်းကွာ၊ နိဗ္ဗုတာကို၊ ကောင်းစွာလိုလား၊ အမျိုးသားတို့၊ မခြားနေ့ည၊ မြတ်ဗုဒ္ဓကို၊ စိတ်ကသဲမဲ၊ လွန်အားခဲ၍၊ အမြဲအားထုတ်ကြကုန်လော့။ (ဗုဒ္ဓါနုဿတိ စီးဖြန်းရသော အကျိုး)

ဗုဒ္ဓါနုဿတိ-ရှုဘွယ် ပြီး၏။

ဆရာတော်ဦးဖုမ် မူ

# ဓမ္မစကြာပါဠ်နိသျ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

# ဇယစက္ကမြတ်ဗုဒ္ဓ ဘုရားရှိခိုးတော်ကြီး

ဇယစက္ကော ဇယန္တော ယော၊ ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊ ဇယံ ဒေတု ဇယုတ္တရော။

ယော ဇယစက္ကော = ပါရမီတော်ဆယ်ချက် အောင်လက်နက် ပိုင်ရှင် အကြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

ဇယာသနေ=အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင် ဗောဓိပင်ရင်း၌။

ဇယိတဗ္ဗေ=အောင်အပ်သည့်တရား မာရ်ငါးပါး အပေါင်းတို့ကို။

ဇယန္တော=အကြွင်းမဲ့ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်း၍ အောင် ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

ဇယေသိနံ = မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိသိက် ပန်းမဂ် ဖိုလ်ကို မျှားထိုထို ဝဋ်အတွင်းမှ လွတ်ကင်းအောင် အာသာ ကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား။

ဇယာပေသိ=ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွတ်အငူ အမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင် စေတော်မူလေပြီ။

ဇယုတ္တရော=အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ ဥသျှောင် ထွတ်ခေါင်မြတ် သရဖူ သယမ္ဘူမကိုဋ်ထီး အောင်မွဲ ဝင်ပုဂ္ဂိုလ်ကြီးများ ဖြစ်ပေထသော။

သော ဇယစက္ကော = အလုံးစုံ အောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထို ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

မေ= မြတ်နိဗ္ဗူ အောင်ပန်းကို ဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား။

ဇယံ = အောင်ခြင်းကို (ဝါ) အောင်ပန်းဝေမှိုင် အောင်ဖူးတွေ ကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင်ကြီးကို။

ဒေတု=ပေးသနားတော်မူပါ အရှင်ဘုရား။



# ဓမ္မစကြာ

## ဓမ္မစက္ကပ္ပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### ဓမ္မစကြာအမွှန်း

(က) ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊
ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာနပါပကံ။

(ခ) သဟမ္ပတိ နာမကေန၊
မဟာဗြဟ္မေန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောကနာထော အဒေသယိ။

(၈) နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

## (၁) ဓမ္မစကြာနိဒါန်း

ဧဝံ မေ သုတံ—

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟ-ရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ–

## (၂) အယုတ်တရား နှစ်ပါး

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိ-တဗ္ဗာ။

ကတမေ ဒွေ–

ယော စာယံ ကာမေသု ကာမသုခလ္လိကာ-နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

## ( ၃ ) အလယ်အလတ် အကျင့်တရား

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## (၄) ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ[၁] ဒုက္ခာ။

## (၅) သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

ယာယံ တဏှာ ပေါနောဗ္ဘဝိကာ[၂] နန္ဒီရာဂသဟဂတာ[၃] တတြတတြာဘိနန္ဒိနီ။

သေယျထိဒံ—

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

## (၆) နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

---

၁-ပဉ္စုပါဒါနက္ခန္ဓာပိ (မူကွဲ) ၂-ပေါနောဘဝိကာ (မူကွဲ)
၃-နန္ဒိရာဂသဟဂတာ (မူကွဲ)

## (၇) မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီ-ပဋိပဒါ အရိယသစ္စံ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ—

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ-ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## (၈) ဒုက္ခသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာ-လောကော ဥဒပါဒိ။

## (၉) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေ-ယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၀) ဒုက္ခသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာ-တ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု

ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၁) သမုဒယသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၃) သမုဒယသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၄) နိရောဓသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ

ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၅) နိရောဓသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၆) နိရောဓသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၇) မဂ္ဂသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၁၈) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ

ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာ-
လောကော ဥဒပါဒိ။

### (၁၉) မဂ္ဂသစ္စာ၌ ကတဉာဏ်

“တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာ-
လောကော ဥဒပါဒိ။

### (၂၀) ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿ-
မဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ”တိ ပစ္စညာသိံ။

### (၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ “အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ”တိ ပစ္စညာသိံ။

## (၂၂) ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ “အကုပ္ပါ မေ ဝိမုတ္တိ[၁]၊ အယ’မန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ”တိ။

## (၂၃) ပဉ္စဝဂ္ဂီရဟန်းတို့ တရားကိုနှစ်သက်ကြပုံ

ဣဒ’မဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

## (၂၄) အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ “ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ”န္တိ။

---

၁-စေတောဝိမုတ္တိ (မူကွဲ)

## (၂၅) နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန[၁] ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ[၂] ဒေဝါ သဒ္ဒ'မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒ'မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒ'မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

---

၁-ပန (အချို့မူ၌ မရှိ) ၂-ဘူမာ (မူကွဲ)

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ

အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ[၁]။

### (၂၆) တသောင်းသော လောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

### (၂၇) အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ[၂]။

---

၁-အဗ္ဘုဂ္ဂစ္ဆတိ။ ၂-ဒေဝါနုဘာဝံ (မူကွဲ)

## (၂၈) မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ–
"အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။

ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိကောဏ္ဍညောတွေဝ နာမံ အဟောသိ။

## (၂၉) အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ–

"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"န္တိ။

## (၃၀) ဧဟိဘိက္ခုရဟန်းအဖြစ် ရပုံ

"ဧဟိ ဘိက္ခူ"တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

**ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။**

---

ဝ–ဣမံ (အချိုးမူ၌ မရှိ)



ဣသိပတန မိဂဒါဝုန်တောရှိ အာသောကကျောက်တိုင်

ဆရာတော် ဦးဗုဓ်

# ဓမ္မစကြာသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဓမ္မစကြာအမွန်း

(က-ခ) စတုသစ္စံ၊ သစ္စာလေးပါးကို။ ပကာသေန္တော၊ ပြတော်မူသော။ လောကနာထော၊ လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဟမ္ပတိ နာမကေန၊ သဟမ္ပတိအမည်ရှိသော။ မဟာဗြဟ္မုနာ၊ မြတ်သော ဗြဟ္မာ မင်းသည်။ ယာစိတော၊ တရားဟောစိမ့်သောငှါ တောင်းပန် အပ်သည်ဖြစ်၍။ ကုသိပတန နာမကေ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာတို့၏ ကောင်းကင်မှ သက်ရာ, ကောင်းကင်သို့ တက်ရာ ဖြစ်၍ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ သား တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန် သားပေါင်းစုံသည့် တော ရဂုံ၌။ ပဥ္စဝဂ္ဂိနံ၊ ငါးယောက်အစု ရှိခြင်းကြောင့် ပဥ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူနံ၊ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ရဟန်းတို့အား။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဓမ္မဝရံ၊ မြတ်သောတရားဖြစ်သော။ ယံ ဓမ္မစက္ကံ၊ အကြင် ဓမ္မစကြာဒေသနာတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

(ဂ) သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းကုန်သော သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ် တို့သည်။ ဝါ၊ ခပ်သိမ်းကုန်သော

နတ်,ပြဟ္မာတို့သည်။ နန္ဒိတာ၊ နှစ်လိုအပ်သော။ သဗ္ဗသမ္ပတ္တိ-
သာဓကံ၊ ခပ်သိမ်းသော လောကီ-လောကုတ္တရာ, ပစ္စုပ္ပန်-
သံသရာ စည်းစိမ်ကို ပြီးစေတတ်သော။ တံ ဓမ္မစက္ကံ၊ ထို ဓမ္မ
စကြာဒေသနာတော်ကို။ သဗ္ဗလောကဟိတတ္ထာယ၊ ခပ်သိမ်း
သော လောက၏ အစီးအပွါးအကျိုးငှါ။ ဟော၊ အို အရှင်
သူတော်ကောင်းတို့၊ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြ
ကုန်အံ့။

## (၁) ဓမ္မစကြာနိဒါန်း

ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။ ဣဒံ သုတ္တံ၊ ဤ ဓမ္မ
စက္က ပဝတ္တနသုတ်ကို။ မေ-မယာ၊ အကျွန်ုပ် အာနန္ဒာထေရ်
သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်
တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာ
ဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊
ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။
ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထို ဣသိပတန မိဂဒါဝုန်
တောဝယ် နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား
သခင်သည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ၊
ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။

## (၂) အယုတ်တရား နှစ်ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သော
သူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ အန္တာ၊ ဤ အယုတ်
တရားအစုတို့ကို။ န သေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။

ဒွေ အန္တာ၊ ရဟန်းတို့ မမှီဝဲအပ် ကုန်သော အယုတ်တရား နှစ်ပါးအစုတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။

ဟီနော၊ ယုတ်သော။ ဂါမ္မော*၊ ရွာသူတို့၏ဥစ္စာဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇ္ဇန်တို့၏ အလေ့အကျက်ဖြစ်သော။ အနရိယော၊ အရိယာတို့၏ ဥစ္စာမဟုတ်သော။ အနတ္ထသံဟိတော၊ စီးပွါးချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်သော။ ကာမေသု၊ တေဘူမက တရားတည်းဟူသော ဝတ္ထုကာမတို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ဆန္ဒရာဂတည်းဟူသော ကိလေသကာမနှင့် ယှဉ်သော ချမ်းသာကို အဘန်တလဲလဲ ခံစားခြင်းဟုဆိုအပ်သော။ ယော စာယံ-ယော စ အယံ အန္တော၊ အကြင် အစုသည်ရှင်း။ ဒုက္ခော၊ ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်းစသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော။ အနရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ဥစ္စာဖြစ်သော။ အနတ္ထသံဟိတော၊ စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော။ အတ္တကိလမထာနုယောဂေါ၊ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဘန်တလဲလဲ ဖြစ်စေတတ်သော။ ယော စာယံ-ယော စ အယံ အန္တော၊ အကြင် အစုသည်ရှင်း။ ဒွေ အန္တာ၊ အယုတ်တရား နှစ်ပါးအစု မည်ကုန်၏။

## (၃) အလယ်အလတ် အကျင့်တရား

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေ ခေါ ဥဘော အန္တေ၊ ထို ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ,ဟူသော အယုတ်တရား နှစ်ပါးအစုတို့ကို။ အနုပဂမ္မ၊ မကပ်မူ၍။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍

သိတော် မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ မဇ္ဈိမာ၊ ကာမသုခလ္လိကာနုယောဂ သဿတဒိဋ္ဌိ ဟူသော တခုသော အစု, အတ္တကိလမထာနုယောဂ ဥစ္ဆေဒဒိဋ္ဌိ ဟူသော တခုသောအစု၏ အလယ်၌ ဖြစ်သော။ ပဋိပဒါ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသော သူတို့သည် ကျင့်အပ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိ-သေသ နိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ ယာ မဇ္ဈိမာ ပဋိပဒါ၊ အကြင် အလတ်ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

သာ မဇ္ဈိမာ ပဋိပဒါ၊ ထိုအလတ်ဖြစ်သော အကျင့်သည်။ ကတမာ စ၊ အဘယ်နည်း။

အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်လျှင်တည်း။

ဣဒံ-မဂ္ဂင်္ဂံ၊ ဤ မဂ္ဂင်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။

ဣဒံ-ဓမ္မဇာတံ၊ ဤ ရှစ်ပါးသော သဘောတရားသည်။ မဂ္ဂင်္ဂံ၊ မဂ္ဂင်မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ အယံ ခေါ သာ မဇ္ဈိမာ ပဋိပဒါ၊ ဤ မဂ္ဂင်ရှစ်ပါးတည်းဟူသော အလတ်ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသ နိဗ္ဗာန် အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

## (၄) ဒုက္ခသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။ ဇရာပိ၊ ဆိုးရွား ဟောင်းမြင်း အိုမင်း ရင့်ရော်ရခြင်း သည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။ ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။ မရဏံပိ၊ သေရခြင်း သည် လည်း။ ဒုက္ခံ၊ ဆင်းရဲခြင်း၏ အကြောင်း ဖြစ်၏။ အပ္ပိယေဟိ၊ မချစ် မနှစ်လို အပ်သော သတ္တဝါသင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်နှစ်လို အပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ကင်းကွာ ရှဲခွါ ဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ယံပိစ္ဆံ၊ အကြင်ပဋိသန္ဓေနေရခြင်းစသော သဘောတရား ငါ့အား မဖြစ်ပါမူ ကောင်းလေစွ စသည်ဖြင့် တောင့်တခြင်းကို။ န လဗ္ဘတိ*၊ မရအပ်။ တံပိ၊ ထို တောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်း အားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ*၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ဣဒံ ခေါ ပန-ဓမ္မဇာတံ၊ ဤ ဇာတိ-အစရှိသော တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## (၅) သမုဒယသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ ယာယံ တဏှာ၊ အကြင် လောဘသည်။ ပေါနောဗ္ဘဝိကာ၊ တဘန် ဘဝသစ်ကို ဖြစ်စေတတ်

သောအလေ့ရှိ၏။ နန္ဒိရာဂသဟဂတာ၊ နှစ်သက်ခြင်း တပ်ခြင်းဖြစ်၍ ဖြစ်၏။ တတြ တတြ၊ ထိုထို ကိုယ်၏ အဖြစ်, ထိုထို အာရုံ၌။ အဘိနန္ဒိနီ၊ အလွန် နှစ်သက်တတ်၏။

ဏွဒံ-သော တဏှာ၊ ဤ တဏှာသည်။ သေယျထာ—ကတမာ၊ အဘယ်နည်း။

ကာမတဏှာ၊ ရူပါရုံစသော ဝတ္ထုကာမကို တပ်တတ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော တဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်း။

ဏွဒံ ခေါ ပန-ဓမ္မဇာတ၊ ဤတဏှာဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယ-သစ္စံ၊ အရိယာတို့သည်သိအပ်သော သစ္စာမည်၏။

## (၆) နိရောဓသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထိုကာမတဏှာစသည်ဖြင့် ဝေဘန်အပ်သော လောဘ၏ သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်းမဲ့ တပ်ခြင်းကင်းရာ,ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော စာဂေါ၊ အကြွင်းစွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်းဝေးစွာ စွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယာ မုတ္တိ၊ အကြွင်းလွတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြွင်းကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

ဏွဒံ ခေါ ပန-ဓမ္မဇာတ၊ ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## (၇) မဂ္ဂသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ အရိယော၊ မြတ်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။

ဣဒံ-မဂ္ဂင်္ဂံ၊ ဤ မဂ္ဂင်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။
(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

ဣဒံ ခေါ ပန-ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး တရားသည်လျှင်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## (၈) ဒုက္ခသစ္စာ၌ သစ္စဉာဏ်

[ သစ္စာလေးပါးကို သရုပ်အားဖြင့် ပြတော်မူပြီး၍ ဤ သစ္စာလေးပါး၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဟူသော အပြန်သုံးပါးကို ပြတော်မူခြင်းငှါ "ဣဒံ ဒုက္ခံ" အစရှိသော ဒေသနာတော်ကို မိန့်တော်မူသည်။ ]

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤ တဏှာကြဉ်သော တေဘူမက တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊

အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဖူး ကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခ-စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်း သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား ဒုက္ခသစ္စာ၌ သစ္စဉာဏ် ]

## (၉) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထို ဒုက္ခဖြစ်သော အရိယသစ္စာကို။ ပရိညေယျံ၊ ဤတရားကား ဒုက္ခတည်း, ဤဒုက္ခကား ဤမျှသာတည်း, ဤထက် အလွန်, ဤမှ အောက် အယုတ်မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍ သိအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဖူးကုန် သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခ-စသည်ကို အပြားအားဖြင့် သိခြင်းသည်။

ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခ သစ္စာကို ဖုံးလွှမ်း တတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်း သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

[ ဤကား ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် ]

## (၁၀) ဒုက္ခသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထို ဒုက္ခဖြစ်သော အရိယသစ္စာကို။ ပရိညာတံ၊ ဤတရားကား ဒုက္ခတည်း, ဤဒုက္ခကား ဤမျှသာတည်း, ဤထက် အလွန်, ဤမှ အောက် အယုတ် မရှိဟု ထက်ဝန်းကျင်မှ ပိုင်း ခြား၍ သိအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခ-စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်း တတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီး တတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

[ ဤကား ဒုက္ခသစ္စာ၌ ကတဉာဏ် ]

## (၁၁) သမုဒယသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤ တဏှာဟူသော လောဘသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ကင်ရှားဖြစ်၏။ ဉာဏံ၊ သမုဒယသစ္စာကိုသိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ အခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူ၍ သုံးပါး၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာဟူ၍ အာရုံအားဖြင့် ဟဆယ့်ရှစ်ပါး၊ အဇ္ဈတ္တ,ဗဟိဒ္ဓ သန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့်သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား သမုဒယသစ္စာ၌ သစ္စဉာဏ် ]

## (၁၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထို ဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟာ-

တဗ္ဗံ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာသမ္ပယုတ်ကို သောတာပတ္တိမဂ်ဖြင့်၊ ကာမရာဂကို အနာဂါမိမဂ်ဖြင့်၊ ရူပရာဂ, အရူပရာဂကို အရဟတ္တမဂ်ဖြင့် ပယ်အပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ သမုဒယသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ အခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးပါး၊ ရူပတဏှာ,သဒ္ဒတဏှာ,ဂန္ဓတဏှာ, ရသတဏှာ,ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟူ၍ အာရုံအားဖြင့် တဆယ့်ရှစ်ပါး၊ အဇ္ဈတ္တ,ဗဟိဒ္ဓ သန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား၊သမုဒယသစ္စာ၌ ကိစ္စဉာဏ် ]

## (၁၃) သမုဒယသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထို ဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟီနံ၊ မဂ်လေးပါးဖြင့် အကြွင်းမဲ့ ပယ်အပ်ပြီ။ ဣတိ၊ ဤသို့။ မေ-

မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ သမုဒယသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ အခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟူ၍ သုံးပါး၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟူ၍ အာရုံအားဖြင့် တဆယ့်ရှစ်ပါး၊ အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ သုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား သမုဒယသစ္စာ၌ ကတဉာဏ် ]

## (၁၄) နိရောဓသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာ မည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊

နိရောဓသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ သဥပါဒိသေသ, အနုပါဒိသေသ-အားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ-အားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား နိရောဓသစ္စာ၌ သစ္စဉာဏ် ]

## (၁၅) နိရောဓသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထို ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏။ ဣတိ၊ ဤသို့။ မေ-မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ နိရောဓသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ သဥပါဒိသေသ, အနုပါဒိသေသ-အားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ-အားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓ

သစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား နိရောဓသစ္စာ၌ ကိစ္စဉာဏ် ]

## (၁၆) နိရောဓသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယ-သစ္စံ၊ ထို ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကတံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓ သစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ နိရောဓသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ သဥပါဒိ-သေသ,အနုပါဒိသေသ-အားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ-အားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား နိရောဓသစ္စာ၌ ကတဉာဏ် ]

## (၁၇) မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤ မဂ္ဂင်ရှစ်ပါးသည်။ ဒုက္ခ-နိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိ စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား မဂ္ဂသစ္စာ၌ သစ္စဉာဏ် ]

## (၁၈) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊

မဂ္ဂသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် ]

## (၁၉) မဂ္ဂသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထို ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝိတံ၊ ပွါးစေအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဖူး ကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား မဂ္ဂသစ္စာ၌ ကတဉာဏ် ]

## (၂၀) ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ-ယတ္တကံ ကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဣမေသု စတူသု အရိယ-သစ္စေသု၊ ဤ သစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန် သန့်ရှင်း ကြည်လင် စင်ကြယ်သည်။ န အဟောသိ၊ မဖြစ်သေး။

ဘိက္ခဝေ၊ ရဟန်းတို့။ တာဝ-တတ္တကံ ကာလံ၊ ထို ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရ နတ်ပြည် ငါးထပ်နှင့် တကွသော။ သမာရကေ၊ ဝသဝတ္တီ နတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွသော။ လောကေ၊ ဩကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း,ပုဏ္ဏားနှင့် တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသော မင်း, ကြွင်းသော လူနှင့် တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍ သိပြီ ဟူ၍။ နေဝ ပစ္စညာသိံ၊ ဝန်ခံတော်မမူသေး။

## (၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ယတော စ ခေါ-ယဒါ ကာလေ၊ အကြင် အခါ၌ကား။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤ

သစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း ကြည်လင် စင်ကြယ်သည်။ အဟောသိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အထ-တသ္မိံ ကာလေ၊ ထိုဉာဏ်အမြင် စင်ကြယ်စွာဖြစ်သောအခါ၌။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရ နတ်ပြည်ငါးထပ်နှင့် တကွသော။ သမာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွသော။ လောကေ၊ ဩကာသလောက၌။ သဿမဏ ဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့် တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသော မင်း, ကြွင်းသောလူနှင့်တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍ သိပြီ ဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။

## (၂၂) ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

မေ၊ ငါ့အား။ ဉာဏဉ္စ ပန ဒဿနံ၊ ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ မေ၊ ငါ၏။ စေတောဝိမုတ္တိ*၊ အရဟတ္တဖိုလ်ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက်တရားတို့သည် မဖျက်ဆီးအပ်။ အယံ၊ ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊ အဖြစ်တည်း။ နတ္ထိဒါနိ၊

ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဘန် ဘဝသစ်၌ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ-ဉာဏဒဿနံ၊ ဤသို့သော ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

## (၂၃) ပဉ္စဝဂ္ဂီရဟန်းတို့ တရားကိုနှစ်သက်ကြပုံ

ဘဂဝါ၊ မြတ်စွာဘုရားသည်။ဣဒံ-ဝစနံ၊ ဤ "ဒွေမေ ဘိက္ခဝေ" စသောစကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီ အမည်ရကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ နှစ်လိုဝမ်းမြောက်ကုန်သည် ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားတော်ကို။ အဘိနန္ဒုံ၊ သာဓု-သာဓု-ဟု ရိုသေစွာ ဦးဖြင့် ခံကုန်၏။

## (၂၄) အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤ ဂါထာမဘက် သက်သက်သော အမေးအဖြေဖြစ်သော ဗျာကရိုဏ်းကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ အာယသ္မတော၊ ရှည်သောသက်တော်ရှိသော။ ကောဏ္ဍညဿ၊ ကောဏ္ဍညထေရ်အား။ ဝိရဇံ၊ အပါယ်သို့ လားစေတတ်သော ရာဂအစရှိသော မြူမှကင်းသော။ ဝီတမလံ၊ အကြွင်းမရှိ ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်သဖြင့် ကင်းသော အညစ်အကြေး ရှိသော။ ဓမ္မစက္ခုံ၊ သစ္စာလေးပါးတရားကို မြင်တတ်သော သောတာပတ္တိ မဂ် ဉာဏ်တည်းဟူသော မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ယံ ကိဉ္စိ၊ အလုံးစုံသောတေဘူမကတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘော ရှိ၏။ တံ သဗ္ဗံ၊ ထို ဖြစ်ခြင်းသဘောရှိသော

တရားဟူသမျှသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘော ရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၂၅) နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတေ စ ပန၊ ဟောတော်မူအပ်သည် ရှိသော်ကား။ ဘူမာ ဒေဝါ ၊ ဘူမစိုးနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန် သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန် တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိ သမဏေန ဝါ၊ တစုံ တယောက်သော ရဟန်းသည်ငင်း။ ကေနစိ ဗြာဟ္မ- ဏေန ဝါ၊ တစုံတယောက်သော ပုဏ္ဏားသည်ငင်း။ ကေနစိ ဒေဝေန ဝါ၊ တစုံတယောက်သော နတ်သည် ငင်း။ ကေနစိ မာရေန ဝါ၊ တစုံတယောက်သော မာရ် သည်ငင်း။ ကေနစိ ဗြဟ္မုနာ ဝါ၊ တစုံတယောက်သော ဗြဟ္မာသည်ငင်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင်,မဟော နိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဧတံ ဓမ္မစက္ကံ၊ ဤ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူ အပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။

ဘူမာနံ ဒေဝါနံ၊ ဘူမစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ စာတုမဟာရာဇိကာ ဒေဝါ၊ စာတုမဟာရာဇ် နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြေးကြော်ကုန်၏။

စာတုမဟာရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ်နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ တာဝတိံသာ ဒေဝါ၊ တာဝတိံသာ နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြေးကြော်ကုန်၏။

တာဝတိံသာနံ ဒေဝါနံ၊ တာဝတိံသာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ ယာမာ ဒေဝါ၊ ယာမာနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြေးကြော်ကုန်၏။

ယာမာနံ ဒေဝါနံ၊ ယာမာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ တုသိတာ ဒေဝါ၊ တုသိတာနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြေးကြော်ကုန်၏။

တုသိတာနံ ဒေဝါနံ၊ တုသိတာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ နိမ္မာနရတီ ဒေဝါ၊ နိမ္မာနရတီနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့်ကြေးကြော်ကုန်၏။

နိမ္မာနရတီနံ ဒေဝါနံ၊ နိမ္မာနရတီနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ ပရနိမ္မိတဝသဝတ္တီ ဒေဝါ၊ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့သည်။ သဒ္ဒံ၊ ကောင်း

ချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ကြေးကြော်ကုန်၏။

ပရနိမ္မိတ ဝသဝတ္တိနံ ဒေဝါနံ၊ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ ဗြဟ္မကာယိကာ၊ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြေးကြော်ကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြေးကြော်ကုန်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ လောကသ္မိံ ၊ လောက၌။ ကေနစိ၊ တစုံတယောက်သော။ သမဏေန ဝါ၊ ရဟန်းသည်ငင်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်ငင်း။ ဒေဝေန ဝါ၊ နတ်သည်ငင်း။ မာရေန ဝါ၊ မာရ်သည်ငင်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်ငင်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင်, မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဧတံ ဓမ္မစက္ကံ၊ ဤဓမ္မစကြာတရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ အဆင့် ကြေးကြော်ကုန်၏။

တေန ခဏေန၊ ထိုခဏဖြင့်။ တေန လယေန၊ ထိုလယဖြင့်။ တေန မုဟုတ္တေန၊ ထိုမုဟုတ်ဖြင့်။ ယာဝ ဗြဟ္မလောကာ၊ အထက်အကနိဋ္ဌ-ဗြဟ္မာ့ပြည် တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ ၊ နှံ့ရှဲတက်၏။

## (၂၆) တသောင်းသော လောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿိလောကဓာတု၊ ဤ တသောင်းသော လောကဓာတ် စကြဝဠာသည်လည်း။ သံကမ္ပိ၊ သက်၍သက်၍ လှုပ်၏။ သမ္ပကမ္ပိ၊ တက်၍တက်၍လှုပ်၏။ သမ္ပဝေဓိ၊ ထိုမှဤမှ အေးယာဉ်ကဲ့သို့ လှုပ်၏။

## (၂၇) အရောင်အလင်းဖြစ်ပေါ်လာပုံ

အပ္ပမာဏော၊ အတိုင်းအရှည် မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသော စ၊ ဒေသနာဉာဏ်ကြောင့် ဖြစ်သော အရောင်အလင်းသည်လည်း။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်ပြဟ္မာတို့၏။ ဒေဝါနုဘာဝံ ၊ နတ်ပြဟ္မာတို့၏ အာနုဘော်ကို။ အတိက္ကမ္မ၊ သာလွန်၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။

## (၂၈) မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဒါနံ၊ ဝမ်းမြောက်သောစကားကို။ ဥဒါနေသိ၊တသောင်းတိုက်သားကြားသိအောင်မြွက်ဆိုတော်မူ၏။ကိံ ဥဒါနေသိ၊ အဘယ်သို့မြွက်ဆိုတော်မူသနည်း။

ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။

ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်ဆိုတော်မူ၏။

ဣတိ ဟိ-ဣတိ ဝေ၊ ဤသို့ ဥဒါန်းကျူးတော်မူသော ကြောင့်သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင် ကောဏ္ဍညအား။ အညာသိ ကောဏ္ဍညောတွေဝ၊ အညာသိ ကောဏ္ဍည ဟူ၍သာလျှင်။ ဣဒံ နာမံ၊ ဤအမည်သည်။ အဟောသိ၊ ဖြစ်၏။

## (၂၉) အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ၊ ထိုသောတာပန် ဖြစ်ပြီးသော အခါ၌။ အာယသ္မာ အညာသိကောဏ္ဍညော၊ အရှင် အညာသိကောဏ္ဍည သည်။ ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသောသစ္စာတရား ရှိသည်ဖြစ်၍။ ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော သစ္စာတရား ရှိသည်ဖြစ်၍။ ဝိဒိတဓမ္မော၊ သိအပ်ပြီးသော သစ္စာတရား ရှိသည်ဖြစ်၍။ ပရိယောဂါဠ္ဌဓမ္မော၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာ တရား ရှိသည်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော တဆယ့်ခြောက်ပါးသော ယုံမှားခြင်း,ရှစ်ပါးသော ယုံမှားခြင်း ရှိသည်ဖြစ်၍။ ဝိဂတကထံကထော၊ သို့လော သို့လော တွေးတော ယုံမှားခြင်း ကင်းသည် ဖြစ်၍။ သတ္ထုသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍။ အပရပ္ပစ္စယော၊ ကိုယ်တိုင် မျက်မှောက်သိမြင်အပ်သောကြောင့် သူတပါးတို့အားယုံကြည်ခြင်း မဖြစ်မူ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ-ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်၏။

ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ

တော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။
ဥပသမ္ပဒံ၊ ပဉ္စင်း၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

## (၃၀) ယေဟိဘိက္ခုရဟန်း ဖြစ်ပုံ

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာငါဟောအပ်ပြီ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို။ စရ၊ ကျင့်လော့။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ တဿ အာယသ္မတော၊ ထို အရှင် အညာသိကောဏ္ဍညအား။ သာဝ ဥပသမ္ပဒါ၊ ထို ဧဟိဘိက္ခု ပဉ္စင်းအဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

ဓမ္မစက္ကပဝတ္တနသုတ္တံ၊ ဓမ္မစက္ကပဝတ္တနသုတ်သည်။
နိဋ္ဌိတံ၊ အပြီးသို့ရောက်ပြီ။

[ ဝါဆိုလပြည့်နေ့ အရှင် ကောဏ္ဍညထေရ် သောတာပန်ဖြစ်သည်၊ လပြည့်ကျော်တရက်နေ့ ဝပ္ပထေရ် သောတာပန်ဖြစ်သည်၊ နှစ်ရက်နေ့ ဘဒ္ဒိယထေရ် သောတာပန် ဖြစ်သည်၊ သုံးရက်နေ့ မဟာနာမထေရ် သောတာပန် ဖြစ်သည်၊ လေးရက်နေ့ အဿဇိထေရ် သောတာပန်ဖြစ်သည်၊ ငါးရက်နေ့ အနတ္တလက္ခဏသုတ်ကိုဟော၍ ငါးပါးလုံး ရဟန္တာချည်း ဖြစ်ကုန်၏။ ]

လယ်တီဆရာတော် မူ

# အနတ္တလက္ခဏသုတ်ပါဌ်နိသျ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၇ ၁၉၈၅

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၅၂၇) က ပုံနှိပ်သည်။

## မကိုဋ်ထွတ်ဦး အောင်ဆုထူး ဘုရားရှိခိုးတော်ကြီး

ဇယစက္ကော ဇယန္တော ယော၊
ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊
ဇယံ ဒေတု ဇယုတ္တရော။

ယော ဇယစက္ကော=ပါရမီတော်ဆယ်ချက် အောင်လက်နက် ပိုင်ရှင် အကြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်။

ဇယာသနေ=အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိ ပင်ရင်း၌။

ဇယိတဗ္ဗေ=အောင်အပ်သည့်တရား မာရ်ငါးပါး အပေါင်း တို့ကို။

ဇယန္တော=အကြွင်းမဲ့ ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ် ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

ဇယေသိနံ=မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိသိက်ပန်း မဂ်ဖိုလ်ကို မျှားထိုထို ဝဋ်အတွင်းမှ လွတ်ကင်း အောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန် သူတို့အား။

ဇယာပေသိ=ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ် ချူ၍ ထွတ်အငူအမြိုက်ဓာတ်သို့ ဆိုက်ကပ်တော် မူစေ၍ အောင်စေတော်မူလေပြီ။

## မကိုဋ္ဌထွတ်ဦး အောင်ဆုထူး ဘုရားရှိခိုးတော်ကြီး

ဇယုတ္တရော=အောင်သူတကာတို့၏ မှန်ကင်း, အောင်ခြင်း တကာတို့၏ဥသျှောင် ထွတ်ခေါင် မြတ်သရဖူ, သယမ္ဘူ မကိုဋ္ဌထီး, အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော။

သော ဇယစက္ကော=အလုံးစုံ အောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထို ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

မေ = မြတ်နိဗ္ဗူ အောင်ပန်းကို ဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား။

ဇယံ = အောင်ခြင်းကို၊ (ဝါ) အောင်ပန်းဝေမြိုင် အောင်ဖူးတွေ့ ကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင်ကြီးကို။

ဒေတု = ပေးသနားတော်မူပါ အရှင်ဘုရား။

# အနုဗုဒ္ဓလက္ခဏာသုတ် နိဒါန်း

**ဘုရားပွင့်တော်မူခြင်း။** ။သုံးလောက ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ မာရ်ငါးပါးကို အောင်မြင်တော်မူ၍ ဘုရားဖြစ်တော်မူသည်။

**ဓမ္မစကြာတရား ဟောတော်မူခြင်း။** ။ထိုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေချမ်း အရှေ့၌ လပြည့်ဝန်းကြီး တခြမ်း ပေါ်ထွက်လာချိန်, အနောက်၌ နေတခြမ်း ဝင်ချိန် အခါဝယ် သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌ အတူသီတင်းသုံးခဲ့ဘူးသည့် အလုပ်အကျွေး ပြုခဲ့ကြသူ ပဉ္စဝဂ္ဂီ ငါးဦးတို့အား "ဒွေမေ ဘိက္ခဝေ အန္တာ" အစရှိသော ဓမ္မစကြာတရားဦးကို စတင်ဟောကြားတော်မူသည်။

**ကောဏ္ဍည သောတာပန် ဖြစ်ခြင်း။** ။ဓမ္မစကြာ တရားတော်၏အဆုံး၌ အရှင်ကောဏ္ဍညသည် ဉာဏ်အလင်းပေါက်၍ သောတာပန်အဖြစ်သို့ ရောက်လေသည်။ ထိုသို့ သောတာပန် ဖြစ်ပြီးနောက် "ဧဟိ ဘိက္ခု" ရဟန်းအဖြစ်ကို ခံယူလေသည်။

**ကျန်ပဉ္စဝဂ္ဂီ ၄-ဦး သောတာပန် ဖြစ်ကြခြင်း။** ။မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ပင် ဝါကပ်တော်မူလျက် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ မြို့ရွာအတွင်းသို့

ဆွမ်းခံမျှ ကြွတော်မမူဘဲ ပဉ္စဝဂ္ဂီရဟန်းတို့၏ ကမ္မဋ္ဌာန်း အလုပ်၌ ဖြစ်ပေါ်လာတတ်သော အညစ်အကြေး အနှောင့် အယှက်တို့ကို သုတ်သင်တားဆီးရန် အလို့ငှါ နေ့ညဥ့် မပြတ် အမြဲစောင့်ကြပ်လျက် တရားဟောခြင်း အဆုံးအမ ဩဝါဒ ပေးခြင်းဖြင့် ကျောင်းတိုက်အတွင်းမှာပင် သီတင်းသုံးနေ တော်မူသည်။ ပဉ္စဝဂ္ဂီငါးဦးတို့အနက် နှစ်ပါးသော ရဟန်း တို့ကို ဆုံးမ ဩဝါဒပေးတော်မူစဉ် သုံးပါးသော ရဟန်း တို့သည် ဆွမ်းအတွက် လှည့်လည်ကြကုန်သည်။ ထိုရဟန်း သုံးပါးတို့ ဆောင်ယူခဲ့သော ဆွမ်းဖြင့် မြတ်စွာဘုရားရှင်နှင့် တကွ ပဉ္စဝဂ္ဂီငါးဦး — ဤ ခြောက်ပါးတို့သည် မျှတကြရကုန် သည်။ သုံးပါးသော ရဟန်းတို့ကို ဆုံးမဩဝါဒပေးတော်မူစဉ် နှစ်ပါးသော ရဟန်းတို့သည် ဆွမ်းအတွက် လှည့်လည်ကြ ကုန်သည်။ ထိုနှစ်ပါးသော ရဟန်းတို့ ဆောင်ယူလာခဲ့သော ဆွမ်းဖြင့် မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီငါးဦး—အားလုံး ဤ ခြောက်ပါးတို့သည် မျှတကြရကုန်သည်။

ဤနည်းအားဖြင့် ထိုပဉ္စဝဂ္ဂီရဟန်းတို့ကို စောင့်ရှောက် တော်မူ၍ အဆုံးအမ ဩဝါဒပေးတော်မူရာ—

**ဝါဆိုလပြည့်ကျော် ၁–ရက်နေ့၌** ဝပ္ပ မထေရ်သည် သောတာပန် ဖြစ်သည်။

**ဝါဆိုလပြည့်ကျော် ၂–ရက်နေ့၌** ဘဒ္ဒိယ မထေရ်သည် သောတာပန် ဖြစ်သည်။

**ဝါဆိုလပြည့်ကျော် ၃–ရက်နေ့၌** မဟာနာမ မထေရ်သည် သောတာပန် ဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၄–ရက်နေ့၌ အဿဇိ မထေရ်သည် သောတာပန် ဖြစ်သည်။

ဤသို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍ "ပေဉ္စဝဂ္ဂီ ဘိက္ခု"ရဟန်းအဖြစ်ကို အသီးသီးခံယူကြလေသည်။

## ဝါဆိုလပြည့်ကျော် ၅-ရက်၊ ရဟန္တာနေ့

ဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူသည်။ အနတ္တလက္ခဏသုတ် ဟောကြားပြီးသည့်အဆုံး၌ ပဉ္စဝဂ္ဂီငါးဦးတို့သည် အရဟတ္တဖိုလ် တည်ကြ၍ ရဟန္တာ ဖြစ်ကြလေသည်။ ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင်ဗုဒ္ဓဂေါတမ၏ သာသနာတော်၌ ရှေးဦးစွာ ရဟန္တာ ဖြစ်ကြသူများ ဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၅-ရက်သည် လူသားငါးဦးတို့ ရှေးဦးစွာ ရဟန္တာဖြစ်သောနေ့ဖြစ်သဖြင့် "ရဟန္တာနေ့"ဟု ဥဒါန်း မော်ကွန်း တွင်လေသည်။

## အနတ္တအဓိပ္ပါယ်

အနတ္တ = န + အတ္တ

န = မဟုတ်

အတ္တ = ငါ၊ အလိုသို့ လိုက်ပါခြင်း၊ အစိုးတရ မိမိဖြစ်ချင်သလို ဖြစ်ခြင်း။

အနတ္တ=ငါ မဟုတ်၊ မိမိ အလိုသို့ မလိုက်ပါခြင်း၊ အစိုးတရ မိမိ ဖြစ်ချင်သလို မဖြစ်ခြင်း။

ထို အတ္တဟူသော သဘောကို အမာခံ ဖွဲ့ရှာ စိစစ်လိုက်သောအခါ—

အချို့က ဤခန္ဓာကိုယ်ကြီးကို အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။
အချို့က စိတ်ကိုအတ္တဟုထင်မှတ်စွဲလမ်းကြသည်။
အချို့က သဘာဝဓမ္မကို အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။
အချို့က ဤရုပ် ဤနာမ်မှ အခြားတပါးသော မပျက်မစီး အမြဲတည်သော အနှစ်သာရ အမာခံ သဘောတရားတခုကို ကြံဆ၍ အတ္တဟု ထင်မှတ်စွဲလမ်းကြသည်။

ထို့ကြောင့် အနတ္တဟု ဆိုလျှင် အထက်ဖော်ပြပါ စွဲလမ်းချက် အားလုံးကို ငြင်းဆိုပြီး ဖြစ်တော့သည်။

တနည်းလည်း အနတ္တ သဒ္ဒါသည်—

( ၁ ) အလိုသို့ မလိုက်ခြင်း၊ မိမိ ဖြစ်ချင်သလို မဖြစ်ခြင်း အနက် (အ ဝသဝတ္တနဋ္ဌ)။
( ၂ ) ပိုင်ဆိုင်သူ မရှိခြင်း အနက် (အ သာမိကဋ္ဌ)။
( ၃ ) ပြုစီမံတတ် ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်းအနက် (သုညတဋ္ဌ)။
( ၄ ) တိတ္ထိတို့က မပျက်မစီး အမြဲတည်တံ့သည်ဟု စွဲယူသော အတ္တကို ပယ်ခြင်း (အတ္တပဋိက္ခေပဋ္ဌ) ဟူ၍ အနက်အဓိပ္ပါယ် လေးမျိုး ပြ၏။

ထိုလေးပါးတို့တွင်—

(၁) ဖြစ်ဆဲ ဥပါဒ်ခဏာ၌ရှိသောရုပ်သည် တည်ဆဲ ဌီခဏာ သို့ မရောက်ပါစေလင့်၊ တည်ဆဲရုပ်သည် မအိုမင်း ပါစေလင့်၊ အိုသောရုပ်သည် မပြိုမကွဲ မပျက်စီးပါစေလင့်၊ ဤသို့ စသည် ဖြင့် မိမိတို့ တောင့်တတိုင်း မဖြစ်ခြင်း အလိုသို့ မလိုက်ခြင်း အနက်သဘော (အဝသဝတ္တနဋ္ဌ) ကြောင့် အနတ္တမည်၏။

(၂) ရုပ် ဝေဒနာ သညာ စသော တရားတို့သည် မိမိတို့ သဘောအတိုင်းသာ ဖြစ်ပျက်နေကြသည်။ မည်သို့ ဖြစ်စေ မည်သို့ရှိစေဟု အမိန့်ပေးနိုင်သည့်ပိုင်စိုးသူ တစုံတယောက်မျှ မရှိခြင်း အနက် သဘော (အသာမိကဋ္ဌ) ကြောင့် အနတ္တ မည်၏။

(၃) ရုပ် ဝေဒနာ သညာ စသည်တို့သည် ပြုလုပ်တတ် ခံစားတတ် ပြုပြင်စီရင်တတ် ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်း အနက်သဘော (သုညတဋ္ဌ) ကြောင့် အနတ္တ မည်၏။

(၄) သာသနာပ တိတ္ထိတို့သည် မပျက်မစီး အမြဲတည် သော အမာခံအနှစ်သာရကို အတ္တဟု ကြံဆစွဲလမ်းကြကုန်၏။ ရုပ်ဝေဒနာသညာ စသည်တို့သည် ထိုအမာခံ အတ္တသဘော မရှိခြင်း (အတ္တပဋိက္ခေပဋ္ဌ) ကြောင့် အနတ္တ မည်၏။

၁-၂။ ဤအနက် လေးချက်တို့တွင် အလိုသို့ မလိုက်ခြင်း (=အဝသဝတ္တနဋ္ဌ)၊ ပိုင်ဆိုင်သူ မရှိခြင်း (=အသာမိကဋ္ဌ)၊ ဤအနက် နှစ်ပါးကို အနတ္တလက္ခဏာသုတ်တော်၌—

နှ စ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ။

"ငါ၏ရုပ်သည် ဤသို့ဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်ပါစေလင့် ဟု မိမိဖြစ်ချင်သလိုဖြစ်ရန် ရုပ်၌တောင့်တ၍ မရစကောင်း" စသော စကားရပ်ဖြင့် ဖော်ပြဟောကြား တော်မူသည်။

၃-၄။ ပြုစီမံမှု ဖန်တီးမှုသဘောမှ ဆိတ်သုဉ်းခြင်း (= သုညတ၌)၊ မပျက်မစီး အမြဲတည်တံ့သည့် သဘောရှိသည်ဟု တိတ္ထိတို့ စွဲလမ်းယူဆသော အတ္တကို ပယ်ခြင်း(=အတ္တပဋိက္ခေ-ပ၌)၊ ဤအနက်နှစ်ပါးကို—

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

"ရဟန်းတို့ ဤရုပ်သည် အနတ္တဖြစ်သောကြောင့် နာကျင်ခြင်း ဖြစ်ရ၏"စသော စကားဖြင့် ဖော်ပြဟောကြားတော်မူသည်။

## အနတ္တဓာတ်ကြီး

ဤအနတ္တ ဓာတ်သဘောသည် မြတ်စွာဘုရား ပွင့်တော်မူသော သာသနာအတွင်း၌သော်ရင်း၊ ပွင့်တော်မမူသော သာသနာပ အခါ၌သော်ရင်း မိမိသဘာဝအတိုင်း တည်ရှိ၏။ သို့ရာတွင် ဖော်ထုတ်ဟောကြားမည့်သူ မရှိလျှင် သတ္တဝါတို့ မသိနိုင်ကြချေ။ မြတ်စွာဘုရားသခင် ပွင့်တော်မူလာသော အခါမှသာ ထို အနတ္တဓာတ် အနတ္တသဘောကို ဟောကြား

ထုတ်ဖော်သဖြင့် လူနတ်ပြဟ္မာတို့ သိရှိနားလည်ကြရလေသည်။ သတ္တဝါတို့သည် မမြဲခြင်း အနိစ္စသဘော ဆင်းရဲခြင်း ဒုက္ခသဘောကို သိလွယ်မြင်လွယ် ကြသော်လည်း အနတ္တသဘောကိုမူကား သိမြင်ရန် ခက်ခဲလှသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဥပရိပဏ္ဏာသ ပါဠိတော် ဆ ဆက္ကသုတ္တန် (မ၊ ၃။ ၃၂၇)စသည်၌ ထင်ရှားပေါ်လွင်သော အနိစ္စလက္ခဏာဖြင့် ခက်ခဲသော အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူသည်။

ခန္ဓဝဂ္ဂသံယုတ် အရဟန္တသုတ် (သံ၊ ၂။ ၆၇) စသည်၌ ထင်လွယ်မြင်လွယ်သော အနိစ္စ ဒုက္ခလက္ခဏာတို့ဖြင့် ခက်ခဲ သိမ်မွေ့သော အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူ၏။ ဤအနတ္တလက္ခဏာသုတ် ရှေ့ပိုင်း၌ ဒုက္ခလက္ခဏာဖြင့် အနတ္တသဘောကို ထင်ရှားအောင် ဟောတော်မူသည်။ ဤသုတ် တေပရိဝဋ္ဋဓမ္မဒေသနာအခန်း၌ အနိစ္စ ဒုက္ခလက္ခဏာ နှစ်ရပ်ဖြင့် အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူသည်။

## အနတ္တလက္ခဏာသုတ်အကျဉ်းချုပ်

အနတ္တလက္ခဏာသုတ်တော်ကို အခန်းအားဖြင့် ဝေဘန်ပိုင်းခြားရလျှင်—

(က) ခန္ဓာငါးပါးတို့၏ အနတ္တဖြစ်ပုံ

( ခ ) ခန္ဓာငါးပါးတို့၏အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံ

( ဂ ) ဝိပဿနာပညာ မဂ်ပညာဖြင့် ရှုမြင်ပုံ

(ဃ) ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စ-
ဝေက္ခဏာဉာဏ် အဆင့်ဆင့်ဖြစ်ပုံ

(င) ပဥ္စဝဂ္ဂီရဟန်းတို့ ရဟန္တာဖြစ်ကြပုံ

ဟူ၍ အပိုင်းကြီးငါးပိုင်း ဖြစ်သည်။

(က) "ရူပံ ဘိက္ခဝေ အနတ္တာ—မှ—ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ" တိုင်အောင်သော စကားဖြင့် ခန္ဓာငါးပါးတို့၏ အလိုသို့ မလိုက်ခြင်း (အဝသဝတ္တနဋ္ဌ)၊ ပိုင်ဆိုင်သူမရှိခြင်း (အသာမိကဋ္ဌ)၊ ပြုလုပ်တတ် ခံစားတတ် ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်း(သုညဋ္ဌ)၊ တိတ္ထိတို့ ယူဆ စွဲလမ်းသော အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း (အတ္တပဋိက္ခေပဋ္ဌ) အနက်သဘောကြောင့် အနတ္တဖြစ်ပုံကို ပြတော်မူသည်။

"အာဗာဓာယ သံဝတ္တတိ" ဟူသော စကားရပ်ဖြင့် နာကျင်မှု ဆင်းရဲမှု ဒုက္ခလက္ခဏာကို အခြေခံထား၍ ခန္ဓာငါးပါး၏ အနတ္တဖြစ်ပုံကို ပြတော်မူသည်။

(ခ) "တံ ကိံ မညထ—မှ—နေသော ဟေတံ ဘန္တေ" တိုင်အောင်သော စကားဖြင့် ခန္ဓာငါးပါးတို့၏ အနိစ္စ ဖြစ်ပုံကို တကျော့တပြန်, ဒုက္ခဖြစ်ပုံကို တကျော့တပြန်, အနတ္တ ဖြစ်ပုံကို တကျော့တပြန်အားဖြင့် သုံးကျော့ သုံးပြန်တိုင်အောင် အမေး အဖြေ ပြု၍ ဟောတော်မူ၏။ ထို့ကြောင့် ဤအပိုင်းသည် တေပရိဝဋ္ဋဓမ္မဒေသနာ မည်၏။ (တေ=သုံးကြိမ်+ပရိဝဋ္ဋ= ပြန်၍+ဓမ္မဒေသနာ=တရား ဟောခြင်း)။

(ဂ) "တသ္မာတိဟ—မှ—သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" တိုင်အောင် သောစကားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ,

အပြင်, အကြမ်း, အနု, အယုတ်, အမြတ်, အဝေး, အနီး ဖြစ်သော ခန္ဓာငါးပါးကို 'ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အလိုသို့မလိုက်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ကောင်းမြတ်သော ဝိပဿနာပညာ မဂ်ပညာဖြင့် သိမြင်ပုံကို ဟောတော်မူသည်။

(ဃ) "ဧဝံ ပဿံ – မှ – ပဇာနာတိ" တိုင်အောင်သော စကားဖြင့် မဂ်သို့ ဆိုက်ရောက်စေနိုင်သည့် အထွတ်အထိပ် ဖြစ်သော ဝိပဿနာဉာဏ်(=ဝုဋ္ဌာနဂါမိနီဝိပဿနာ) ကိုရင်း၊ ထိုမှ တဆင့်တက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ အဆင့်ဆင့် ဖြစ်ပွါးပုံကိုရင်း ဟောတော်မူသည်။

( င ) "ဣဒမဝေါစ – မှ – ဝိမုစ္စိံသူတိ"တိုင်အောင်သော စကားဖြင့်ကား အနတ္တလက္ခဏာသုတ်တော်ကို နာကြားရသော ပဉ္စဝဂ္ဂီရဟန်းတို့သည် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြောင်းကို နိဂုံးချုပ် ပြဆို ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤသို့ ပဉ္စဝဂ္ဂီရဟန်းတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြပုံကို အတုယူ၍ မဂ်,ဖိုလ် တရားထူးကို ရလိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အနတ္တလက္ခဏာ သုတ်တော်ကြီးကို နေ့, ညဉ့်မပြတ် ရိုသေစွာ ရွတ်ဘတ် သရဇ္ဈာယ်၍ ခန္ဓာငါးပါး၌ အနတ္တလက္ခဏာ ထင်မြင်လျက် အရဟတ္တဖိုလ်တိုင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေ သတည်း။

## ဘာမဆို အောင်ရမည်

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
စိတ္တဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ပညဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒဝတော = ပြင်းပြသော အလိုဆန္ဒ ရှိသူအား၊ ကိံ နာမ=အဘယ်မည်သော၊ ကမ္မံ=အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ=မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ=မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

ဝီရိယဝတော=လွန်ကဲသော လုံ့လဝီရိယရှိသူအား၊ ကိံ နာမ = အဘယ်မည်သော၊ ကမ္မံ = အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ=မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ=မုချ အမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

စိတ္တဝတော=ထက်သန်သော စိတ်ရှိသူအား၊ ကိံ နာမ= အဘယ်မည်သော၊ကမ္မံ=အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ= မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ=မုချအမှန် ကေန် ပြီးစီး အောင်မြင်ရမည်သာတည်း။

ပညဝတော = ထက်မြက်သော ပညာရှိသူအား၊ ကိံ နာမ = အဘယ်မည်သော၊ ကမ္မံ=အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ=မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ=မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

# အနတ္တလက္ခဏသုတ်

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အနတ္တလက္ခဏသုတ်အမွန်း

(က) ဓမ္မစက္ကံ ပဝတ္တေတွာ၊
အာသဠှိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊
ဣသိပတနဝှယေ ဝနေ။

(ခ) ပါပေတွာဒိဖလံ နေသံ၊
အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဉ္စမျံ၊
ဝိမုတ္တတ္ထံ ဘဏာမ ဟေ။

## (၁) အနတ္တလက္ခဏသုတ်နိဒါန်း

ဧဝံ မေ သုတံ—

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။

"ဘဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ—

## (၂) ရူပက္ခန္ဓာ အနတ္တာဖြစ်ပုံ

ရူပံ ဘိက္ခဝေ အနတ္တာ။

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

## (၃) ဝေဒနာက္ခန္ဓာ အနတ္တာဖြစ်ပုံ

ဝေဒနာ အနတ္တာ။

ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝေဒနာယ “ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ”တိ။

યသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝေဒနာယ “ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ”တိ။

## (၄) သညာက္ခန္ဓာ အနတ္တဖြစ်ပုံ

**သညာ** အနတ္တာ။

သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ သညာယ “ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ”တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ သညာယ “ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ”တိ။

## (၅) သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံ

**သင်္ခါရာ အနတ္တာ။**

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ° သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ။

လဗ္ဘေထ စ သင်္ခါရေသု “ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ။

န စ လဗ္ဘတိ သင်္ခါရေသု “ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ။

## (၆) ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ

**ဝိညာဏံ အနတ္တာ။**

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝိညာဏေ “ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ။

---

° နယိမေ (မူကွဲ)

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝိညာဏေ“ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ။

## (၇) ရူပက္ခန္ဓာ၌ လက္ခဏာရေး သုံးပါး

တံ ကိံ မညထ ဘိက္ခဝေ——

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနု-ပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ ။နောဟေတံ ဘန္တေ။

## (၈) နာမက္ခန္ဓာလေးပါး၌ လက္ခဏာရေးသုံးပါး

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ ။ နော ဟေတံ ဘန္တေ။

---

**သညာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ ။နော ဟေတံ ဘန္တေ။

---

**သင်္ခါရာ** နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ ။နော ဟေတံ ဘန္တေ။

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ ။နော ဟေတံ ဘန္တေ။

---

## (၉) ရုပ်တရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာ-နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကံ ဝါ, သုခုမံ ဝါ, ဟီနံ ဝါ, ပဏီတံ ဝါ, ယံ ဒူရေ[၁] သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

---

၁-ယံ ဒူရေ ဝါ (မူကွဲ)။

## (၁၀) ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာ ကာစိ ဝေဒနာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၁) သညာတရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာ ကာစိ သညာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၂) သင်္ခါရတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယေ ကေစိ သင်္ခါရာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ

“နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၃) ဝိညာဉ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကံ ဝါ, သုခုမံ ဝါ, ဟီနံ ဝါ, ပဏီတံ ဝါ, ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## (၁၄) နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တဆယ့်ခြောက်ချက်ဖြစ်ပုံ

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။
ဝိရာဂါ ဝိမုစ္စတိ။
ဝိမုတ္တသ္မိံ[၁] ဝိမုတ္တမိတိ[၁] ဉာဏံ ဟောတိ၊
ခီဏာ ဇာတိ။
ဝုသိတံ ဗြဟ္မစရိယံ။

---

၁-ဝိမုတ္တမှိတိ (မူကွဲ)

ကတံ ကရဏီယံ။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

## (၁၅) ပဉ္စဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံ

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ။

ဆရာတော် ဦးဗုဓ်

# အနုတ္တလက္ခဏာသုတ်အဓိပ္ပာယ်အမှန်း

(က-ခ) အနုတ္တလက္ခဏာသုတ်အမှန်း

ဗာရာဏသိယံ၊ ဗာရာဏသီ အမည်ရှိသော။ နဂရေ၊ ပြည်၌။ဣသိပတနေ မိဂဒါယေ၊ ပစ္စေကဗုဒ္ဓါတို့၏ကျရာဖြစ်၍ ဣသိ-ပတန အမည်ရှိသော။ ဝနေ၊ သားငှက်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌။ အာသဠှိယံ၊ အာသဠှီ နက္ခတ်နှင့် လပြည့် ဝန်းတို့ ယှဉ်ပြိုင်ထွန်းပသော ဝါဆိုလ၌။ပုဏ္ဏမေ၊လပြည့်နေ့၌။ နေသံ၊ ထိုပဉ္စဝဂ္ဂီရဟန်းတို့အား။ဓမ္မစက္ကံ၊ ဓမ္မစကြာ ဒေသနာ ကို။ပဝတ္တေတွာ၊ ဟောတော်မူ၍။ အနုက္ကမေန၊ နေ့ရက်အစဉ် ထေရ်အစဉ်အားဖြင့်။ အာဒိဖလံ၊ သောတာပတ္တိ ဖိုလ်သို့။ ပါပေတွာ၊ ရောက်စေတော်မူ၍။ ပက္ခဿ၊ လကွယ်ပက္ခ ဝါဆို လ၏။ ပဉ္စမျံ၊ ငါးရက်မြောက်သော နေ့၌။ ဝါ၊ ဝါဆိုလပြည့် ကျော် ၅-ရက်နေ့၌။ နေသံ၊ ထိုပဉ္စဝဂ္ဂီရဟန်းတို့၏။ ဝိမုတ္တတ္ထံ၊ အရဟတ္တဖိုလ်အကျိုးငှါ။ ယံ အနုတ္တလက္ခဏသုတ္တံ၊ အကြင် အနုတ္တလက္ခဏသုတ်ကို။ အဒေသယိ၊ ဟောတော်မူပြီ။ တံ အနုတ္တလက္ခဏသုတ္တံ၊ ထိုအနုတ္တ လက္ခဏသုတ်ကို။ ဟော၊ အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

လယ်တီ ဆရာတော်

# အနတ္တလက္ခဏသုတ် နိဿယသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (၁) အနတ္တလက္ခဏသုတ်နိဒါန်း

ဘန္တေ၊ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဘုရား။ မေ၊ အကျွန်ုပ် အာနန္ဒာသည်။ ဧဝံ၊ ဤသို့ လျှောက်ထား လတ္တံ့သော အတိုင်း။ ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ သမ္မုခါ၊ ဆည်းကပ် ခ-ရောက် ထံတော် မှောက်မှ။ သုတံ၊ ကိုယ်တိုင်သုတ ကြားလိုက်ရပါသည်ဘုရား။

ဧကံ သမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ ဗာရာဏသိယံ၊ ဗာရာဏသီ နေပြည်တော်ကြီးအနီး၌။ ဣသိပတနေ၊ ရှေးခါခေတ်ဟောင်း ရသေ့ သူမြတ် အပေါင်း တို့၏ သက်ဆင်းရာ ဖြစ်သော။ မိဂဒါယေ၊ သားသမင် အပေါင်းတို့ကို ဘေးမဲ့ ပေး၍ မွေးရာ ဖြစ်သော မိဂဒါဝုန် တောကြီး၌။ ဝိဟရတိ၊ သီတင်းသုံး နေတော်မူ၏။

တတြ ခေါ၊ ထိုသို့သီတင်းသုံး နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊ ကောဏ္ဍည အမှူး ငါးဦးအစုအဝေးရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခ- ဝေါတိ၊ အို....ရဟန်းတို့-ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။

တေ ဘိက္ခူ၊ ထိုပဉ္စဝဂ္ဂီ ရဟန်းတို့သည်။ ဘဂဝန္တောတိ၊ အရှင်ဘုရား-ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿော-သုံ၊ လျှောက်ထားကြကုန်၏။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဧတံ၊ ဤအနတ္တလက္ခဏသုတ်စကားကို။ အဝေါစ၊ မိန့်မြွက် ဟောကြားတော်မူလေသတည်း။

## (၂) ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ရူပံ၊ ရုပ်တရားအပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက် မိမိအလိုဆန္ဒအတိုင်း မဖြစ်သော အနတ္တအမှန်ပင်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပဉ္စ၊ ရုပ်တရားအပေါင်းသည်။ ဟိ၊ ကေန်စင်စစ်။ အတ္တာ၊ အလိုသို့ လိုက်သော မိမိအလိုဆန္ဒအတိုင်းဖြစ်တတ်သော အတ္တသဘောရှိသည်။ အဘ-ဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ ရူပံ၊ ဤရုပ်တရားသည်။ အာဗာ-ဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှါ။ န သံဝတ္တေယျ၊ မဖြစ်လေရာ။ "မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ရူပေ၊ ရုပ်တရား၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာ စ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ရူပံ၊ ရုပ်တရားသည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက် မိမိအလိုဆန္ဒအတိုင်းမဖြစ်သော အနတ္တသဘောရှိချေ၏။ တသ္မာ၊ ထို

ကြောင့်။ ရူပံ၊ ရုပ်တရားသည်။ အာဗာဓာယ၊ အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ ဟောတု၊ ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ဣတိ၊ ဤသို့ မိမိတို့အလို ဆန္ဒအတိုင်း။ ရူပေ၊ ရုပ်တရား၌။ န စ လဗ္ဘတိ၊ အခွင့်မရနိုင်။

## (၃) ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာ၊ ခံစားမှု ဝေဒနာ အပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက် မိမိအလို ဆန္ဒအတိုင်း မဖြစ်သော အနတ္တ အမှန်ပင်တည်း။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ဝေဒနာ စ၊ ခံစားမှု ဝေဒနာ အပေါင်းသည်။ ဟိ၊ ကေန်စင်စစ်။ အတ္တာ၊အလိုသို့ လိုက်သော မိမိအလိုဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တသဘောရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ အယံ ဝေဒနာ၊ ဤဝေဒနာသည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှါ။ န သံဝတ္တေယျ၊ မဖြစ်လေရာ။ "မေ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာသည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ငါ၏။ ဝေဒနာ၊ ဝေဒနာ သည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ ဝေဒနာယ၊ ဝေဒနာတရား ၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာ စ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ဝေဒနာ၊

ဝေဒနာ တရားသည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက် မိမိအလိုဆန္ဒအတိုင်းမဖြစ်သော အနတ္တ သဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာ တရားသည်။ အာဗာ-ဓာယ၊ အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက် ဖောက်ပြန် ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာသည်။ ဧဝံ ဟောတု၊ ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာသည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ ဝေဒနာယ၊ ဝေဒနာတရား၌။ န စ လဗ္ဘတိ၊ အခွင့်မရနိုင်။

## (၄) သညာက္ခန္ဓာ အနတ္တဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာ၊ မှတ်သားမှုသညာ အပေါင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက် မိမိအလို ဆန္ဒအတိုင်းမဖြစ်သော အနတ္တအမှန်ပင်တည်း။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သညာ စ၊ မှတ်သားမှု သညာအပေါင်းသည်။ ဟိ၊ ဧကန်စင်စစ်။ အတ္တာ၊ အလိုသို့ လိုက်သော မိမိအလိုဆန္ဒအတိုင်းဖြစ်တတ်သော အတ္တသဘော ရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ အယံ သညာ၊ ဤ သညာသည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ကျင်နာခံခက် နှောင့်ယှက် ဖောက်ပြန်ခြင်းငှါ။ န သံဝတ္တေယျ၊ မဖြစ်လေ ရာ။ "မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ ဟောတု၊ ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလို ဆန္ဒအတိုင်း။ သညာယ၊ သညာတရား၌။ လဗ္ဘေထ၊ အခွင့် ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာ စ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ သညာ၊ သညာတရားသည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက် မိမိအလိုဆန္ဒအတိုင်းမဖြစ်သော အနတ္တ သဘောရှိချေ၏။ တသ္မာ၊ ထိုကြောင့်။ သညာ၊ သညာတရားသည်။ အာဗာဓာယ၊ အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက် ဖောက်ပြန်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ ဟောတု၊ ဤသို့ဖြစ်ပလေစေ။ မေ၊ ငါ၏။ သညာ၊ သညာသည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ သညာယ၊ သညာတရား၌။ န စ လဗ္ဘတိ၊ အခွင့်မရနိုင်။

## (၅) သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ခါရာ၊ ပြုပြင်စီရင်မှု သင်္ခါရတရားအပေါင်းတို့သည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက် မိမိအလိုဆန္ဒအတိုင်းမဖြစ်သော အနတ္တအမှန်တို့ပင်တည်း။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ သင်္ခါရာ စ၊ ပြုပြင်စီရင်မှု သင်္ခါရအပေါင်းတို့သည်။ ဟိ၊ ဧကန်စင်စစ်။ အတ္တာ၊ အလိုသို့လိုက်သော မိမိအလိုဆန္ဒအတိုင်းဖြစ်တတ်သော အတ္တသဘောရှိကုန်သည်။ အဘဝိဿံသု၊ ဖြစ်ပါကုန်မူကား။ ဣဒံ ဣမေ သင်္ခါရာ၊ ဤသင်္ခါရတို့သည်။ အာဗာဓာယ၊ အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှါ။ န သံဝတ္တေယျုံ၊ မဖြစ်နိုင်ကုန်ရာ။ "မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံ ဟောန္တု၊ ဤသို့ ဖြစ်ပလေစေကုန်။ မေ၊ ငါ၏။ သင်္ခါရာ၊

သင်္ခါရတို့သည်။ ဧဝံ မာ အဟေသုံ၊ ဤသို့မဖြစ်စေကုန်လင့်။’’ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ သင်္ခါရေသု၊ သင်္ခါရ တရားတို့၌။ လဗ္ဘေထ၊ အခွင့် ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာ စ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက် မိမိအလို ဆန္ဒအတိုင်းမဖြစ်သော အနတ္တသဘောရှိချေကုန်၏။ တသ္မာ၊ ထိုကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အာဗာဓာယ၊ အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက် ဖောက်ပြန် ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ “မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရ တို့သည်။ ဧဝံ ဟောန္တု၊ ဤသို့ ဖြစ်ပလေစေကုန်။ မေ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဧဝံ မာ အဟေသုံ၊ ဤသို့ မဖြစ်စေကုန်လင့်”။ ဣတိ၊ ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း။ သင်္ခါရေသု၊ သင်္ခါရတရားတို့၌။ န စ လဗ္ဘတိ၊ အခွင့်မရနိုင်။

## (၆) ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ဝိညာဏံ၊ သိမှုဝိညာဉ် သည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက် မိမိအလိုဆန္ဒ အတိုင်း မဖြစ်သော အနတ္တအမှန်ပင်တည်း။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ဝိညာဏဉ္စ၊ သိမှုဝိညာဉ် အပေါင်းသည်။ဟိ၊ ဧကန်စင်စစ်။ အတ္တာ၊အလိုသို့ လိုက်သော မိမိအလိုဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တသဘော ရှိသည်။ အဘဝိဿ၊ ဖြစ်ပါမူကား။ ဣဒံ ဝိညာဏံ၊ ဤ ဝိညာဉ် သည်။ အာဗာဓာယ၊ အလိုသို့ လိုက်ပါ၍ ကျင်နာ ခံခက်

နှောင့်ယှက် ဖောက်ပြန်ခြင်းငှါ။ န သံဝတ္တေယျ၊ မဖြစ် လေရာ။ "မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ ဟောတု၊ ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေလင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ဝိညာဏေ၊ဝိညာဉ်တရားအပေါင်း၌။ လဗ္ဘေထ၊ အခွင့်ရနိုင်လေရာ၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ခေါ၊ စင်စစ်။ ယသ္မာ စ၊ အကြင်သို့သော အကြောင်းကြောင့်လျှင်။ ဝိညာဏံ၊ ဝိညာဉ် တရားသည်။ အနတ္တာ၊ အစိုးမရ အလိုသို့ မလိုက် မိမိ အလို ဆန္ဒအတိုင်းမဖြစ်သော အနတ္တ သဘောရှိချေ၏။ တသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဉ်တရားသည်။ အာဗာဓာယ၊ အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန် ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ "မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ် သည်။ ဧဝံ ဟောတု၊ ဤသို့ ဖြစ်ပလေစေ။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဧဝံ မာ အဟောသိ၊ ဤသို့ မဖြစ်စေ လင့်"။ ဣတိ၊ ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း။ ဝိညာဏေ၊ ဝိညာဉ်၌။ န စ လဗ္ဘတိ၊ အခွင့်မရနိုင်။

## (၇) ရူပက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ တံ၊ ထိုသို့ ငါဘုရား မေးတော်မူသော စကားကို။ ကိံ မညထ၊အဘယ်သို့ မှတ်ထင် ကြကုန်သနည်း။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရူပံ၊ရုပ်တရား သည်။ နိစ္စံ ဝါ၊ မြဲသလော။အနိစ္စံ ဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့ မေးတော်မူသည် ရှိသော်။ ဘန္တေ၊ ဘုန်းတော်

ကြီးသော မြတ်စွာဘုရား။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံ ပန၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ရုပ်တရားသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲသလော။ သုခံ ဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည် ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုး အမှန်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံ ပန၊ အကြင်ရုပ်တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်း ဆင်းရဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်နေသော ရုပ်တရားကို။ "ဧတံ၊ ဤ ရုပ်တရားကား။ မမ၊ ငါပိုင်သော ဥစ္စာတည်း။ ဧသော၊ ဤ ရုပ်တရားကား။ အဟမသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤ ရုပ်တရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှါ။ ကလ္လံ နု၊ သင့်လျော် လျောက်ပတ်ပါမည်လော။ ဣတိ၊ ဤသို့ မေးတော်မူသည် ရှိသော်။ ဘန္တေ၊ ဘုန်းတော် ကြီးသော မြတ်စွာဘုရား။ ဧတံ၊ ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နော ဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထား ကြကုန်၏။

## (ဂ) နာမက္ခန္ဓာလေးပါး၌ လက္ခဏာရေး ၃-ပါး

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာ၊ ခံစားမှုဝေဒနာ အပေါင်းသည်။ နိစ္စာ ဝါ၊ မြဲသလော။ အနိစ္စာ ဝါ၊ မမြဲ သလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စာ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံ ပန၊ အကြင်ဝေဒနာ တရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ဝေဒနာတရား သည်။ ဒုက္ခံ ဝါ၊ ဆင်းရဲသလော။သုခံ ဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော် ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုး အမှန်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံ ပန၊ အကြင်ဝေဒနာ တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမ- ဓမ္မံ၊ ဖောက်ပြန် ပြောင်းလဲ တတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေသော ဝေဒနာတရားကို။ "ဧတံ၊ ဤ ဝေဒနာတရား ကား။ မမ၊ ငါပိုင်သော ဥစ္စာတည်း။ ဧသော၊ ဤ ဝေဒနာ တရားကား။ အဟမသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤဝေဒနာ တရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့လိုက်သော အလို ဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှါ။ ကလ္လံ နု၊ သင့်လျော်လျောက်ပတ်ပါမည်လော။ ဣတိ၊ဤသို့ မေးတော်

မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ တော၊ ဤသို့ ဇဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နော ဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ သညာ၊ မှတ်သားမှုသညာ အပေါင်းသည်။ နိစ္စာ ဝါ၊ မြဲသလော။ အနိစ္စာ ဝါ၊ မမြဲသလော၊ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ဘန္တေ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ အနိစ္စာ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယံ ပန၊ အကြင်သညာတရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော သညာတရားသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲသလော။ သုခံ ဝါ၊ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုး အမှန်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယံ ပန၊ အကြင်သညာတရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွှဲ ဖောက်ပြန်ဖြစ်နေသော သညာတရားကို။ "ဧတံ၊ ဤသညာတရားကား။ မမ၊ ငါပိုင်သော ဥစ္စာတည်း။ ဧသော၊ ဤ သညာတရားကား။ အဟမသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤသညာတရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်းဖြစ်တတ်သောအတ္တာတည်း"။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ဇွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှါ။ ကလ္လံ နု၊

သင့်လျော် လျောက်ပတ် ပါမည်လော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဧတံ၊ ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင် ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ သင်္ခါရာ၊ ပြုပြင်စီရင်မှု သင်္ခါရအပေါင်းတို့သည်။ နိစ္စာ ဝါ၊ မြဲကုန်သလော။ အနိစ္စာဝါ၊ မမြဲကုန်သလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စာ၊ မမြဲကုန်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယံ ပန၊ အကြင်သင်္ခါရ တရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော သင်္ခါရတရားသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲသလော။ သုခံ ဝါ၊ ချမ်းသာသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုး အမှန်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယံ ပန၊ အကြင် သင်္ခါရ တရားသည်။ အနိစ္စံ၊ မမြဲ၊ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲလည်းမမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်နေသော သင်္ခါရ တရားကို။ "ဧတံ၊ ဤသင်္ခါရတရားကား။ မမ၊ ငါပိုင်သော ဉစ္စာတည်း။ ဧသော၊ ဤသင်္ခါရ တရားကား။ အဟမသ္မိ၊ ငါဖြစ်၍နေ၏။ ဧသော၊ ဤသင်္ခါရ တရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့ လိုက်သော

အလိုဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တတည်း”။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှါ။ ကလ္လံ နု၊ သင့်လျော် လျောက်ပတ်ပါမည်လော။ ဣတိ၊ ဤသို့ မေးတော် မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား. ဧတံ၊ ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည်။ နော ဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထား ကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ဝိညာဏံ၊ သိမှုဝိညာဉ် အပေါင်းသည်။ နိစ္စံ ဝါ၊ မြဲသလော။ အနိစ္စံ ဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အနိစ္စံ၊ မမြဲပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယံ ပန၊ အကြင် ဝိညာဉ် တရားသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော ဝိညာဉ် တရားသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲသလော။ သုခံ ဝါ၊ ချမ်းသာ သလော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခံ၊ ဆင်းရဲရိုးအမှန် ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ ယံ ပန၊ အကြင်ဝိညာဉ် တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောရှိ၏။ တံ၊ ထိုမြဲ လည်းမမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွဲ ဖောက်ပြန် ဖြစ်နေသော ဝိညာဉ်တရားကို။ “ဧတံ၊ ဤဝိညာဉ်တရား ကား။ မမ၊ ငါပိုင်သော ဥစ္စာတည်း။ ဧသော၊ ဤဝိညာဉ်

တရားကား။ အဟမသ္မိ၊ ငါဖြစ်၍နေ၏။ သော၊ ဤဝိညာဉ်တရားကား။ မေ၊ ငါ၏။ အတ္တာ၊ အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်းဖြစ်တတ်သော အတ္တတည်း”။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှါ။ ကလ္လံ နု၊ သင့်လျော် လျောက်ပတ်ပါမည်လော။ ဣတိ၊ ဤသို့ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တံ၊ ဤသို့ စွဲလမ်းသင်မြင် ရှုဆင်ခြင်ခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

## (၉) ရုပ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တသ္မာ၊ ထိုမမြဲမှုသဘော, ဆင်းရဲမှုသဘော, အလိုမလိုက်မှုသဘောတို့၏ ပေါ်လောကြီးထင်ရှား၍ နေသောကြောင့်။ အတီတာနာဂတပစ္စုပ္ပန္နံ၊ လွန်လေပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ်ကာလ, ယခု မျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်သော။ ယံ ကိဉ္စိ ရူပံ၊ အကြင် အလုံးစုံသော ရုပ်တရားသည်ငှင်း။ အဇ္ဈတ္တံ ဝါ၊ မိမိအတွင်းသန္တာန်၌ဖြစ်သောရုပ်တရားသည်ငှင်း။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌ ဖြစ်သော ရုပ်တရားသည်ငှင်း။ ဩဠာရိကံ ဝါ၊ကြမ်းတမ်းသော ရုပ်တရားသည်ငှင်း။သုခုမံ ဝါ၊ သိမ်မွေ့သော ရုပ်ဘရားသည်ငှင်း။ ဟီနံ ဝါ၊ ယုတ်ညံ့သော ရုပ်တရားသည်ငှင်း။ ပဏီတံ ဝါ၊ မြင့်မြတ်သော ရုပ်တရားသည်ငှင်း။ ယံ ဒူရေ ဝါ၊ အကြင် အဝေး၌ ဖြစ်သော ရုပ်တရားသည်ငှင်း။ ယံ သန္တိကေ ဝါ၊အကြင် အနီး၌ ဖြစ်သော

ရုပ်တရားသည်ရှင်း။ အတ္တ၊ ရုပ်ပေါင်း များထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ တေ ရူပံ၊ ထိုရုပ် ဟူသမျှ သည်။"န မမ၊ ငါပိုင်ဥစ္စာမဟုတ်။ သော၊ ထို ရုပ်အပေါင်း သည်။ န အဟမသ္မိ၊ ငါဖြစ်၍ နေသည်မဟုတ်။ သော၊ ထို ရုပ်အပေါင်းသည်။ မမ၊ ငါ၏။န အတ္တာ၊အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်းဖြစ်တတ်သော အတ္တမဟုတ်။ ဣတိ ဝေါ၊ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။တေ၊ ထိုခပ်သိမ်းဥဿုံ ရုပ်ဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော အတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာ ဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

## (၁၀) ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အတီတာနာဂတ-ပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ်ကာလ, ယခု မျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်သော။ ယာ ကာစိ ဝေဒနာ၊ အကြင် အလုံးစုံသော ဝေဒနာတရားသည်ရှင်း။ အဇ္ဈတ္တံ ဝါ၊ မိမိ အတွင်းသန္တာန်၌ ဖြစ်သော ဝေဒနာသည်ရှင်း။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌ ဖြစ်သော ဝေဒနာသည်ရှင်း။ ဩဠာရိကာ ဝါ၊ ကြမ်းတမ်းသော ဝေဒနာသည်ရှင်း။ သုခုမာ ဝါ၊သိမ်မွေ့သော ဝေဒနာ သည်ရှင်း။ ဟီနာ ဝါ၊ ယုတ်ညံ့သော ဝေဒနာသည်ရှင်း။ ပဏီတာ ဝါ၊ မြင့်မြတ်သော ဝေဒနာသည်ရှင်း။ ယာ ဒူရေ ဝါ၊ အကြင်အဝေး၌ ဖြစ်သော ဝေဒနာသည်ရှင်း။ ယာ သန္တိ-

ကေ ဝါ၊ အကြင်အနီး၌ဖြစ်သော ဝေဒနာသည်ရင်း။ အတ္တိ၊ ဝေဒနာများထွေ ရှိကြလေ၏။ သဗ္ဗာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဧတံ-ဧသော ဝေဒနာ၊ ထိုဝေဒနာ ဟူသမျှသည်။ "နမမ၊ ငါပိုင် ဥစ္စာမဟုတ်။ ဧသော၊ ထို ဝေဒနာအပေါင်းသည်။ န အဟမသ္မိ၊ ငါဖြစ်၍ နေသည်မဟုတ်။ ဧသော၊ ထို ဝေဒနာ အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်းဖြင်တတ်သော အတ္တမဟုတ်"။ ဣတိ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဧတံ၊ ထိုခပ်သိမ်းဥဿုံ ဝေဒနာဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

## (၁၁) သညာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အတီတာနာဂတ-ပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ,လာလတ္တံ့သော အနာဂတ်ကာလ,ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ ယာ ကာစိ သညာ၊အကြင် အလုံးစုံသော သညာ တရားသည်ရင်း။ အဇ္ဈတ္တံ ဝါ၊ မိမိ အတွင်းသန္တာန်၌ ဖြစ်သော သညာသည်ရင်း။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌ ဖြစ်သော သညာသည်ရင်း။ ဩဠာရိကာ ဝါ၊ ကြမ်းတမ်းသော သညာသည်ရင်း။ သုခုမာ ဝါ၊ သိမ်မွေ့သော သညာသည်ရင်း။ ဟီနာ ဝါ၊ ယုတ်ညံ့သော သညာသည်ရင်း။ ပဏီတာ ဝါ၊ မြင့်မြတ်သော သညာသည်ရင်း။ ယာ ဒူရေ ဝါ၊ အကြင် အဝေး၌ ဖြစ်သော

သညာသည်ရှင်း။ ယာ သန္တိကေ ဝါ၊ အကြင်အနီး၌ဖြစ်သော သညာသည်ရှင်း။ အတ္တိ၊ သညာများထွေ ရှိကြလေ၏။ သဗ္ဗာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ တံ-သော သညာ၊ ထို သညာဟူသမျှသည်။ "န မမ၊ ငါပိုင်ဥစ္စာ မဟုတ်။ သော၊ ထိုသညာအပေါင်းသည်။ န အဟမသ္မိ၊ ငါဖြစ်၍နေသည်မဟုတ်။ သော၊ ထိုသညာ အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တာ မဟုတ်"။ ဣတိ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဧတံ၊ ထိုခပ်သိမ်းဥဿုံ သညာ ဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင်အပ်၏။

## (၁၂) သင်္ခါရတရားတို့ကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အတီတာနာဂတပစ္စုပ္ပန္နာ၊ လွန်လေပြီးသော အတိတ်ကာလ, လာလတ္တံ့သော အနာဂတ် ကာလ, ယခု မျက်မှောက် ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သော။ ယေ ကေစိ သင်္ခါရာ၊ အကြင် အလုံးစုံသော သင်္ခါရ တရား တို့သည်ရှင်း။ အဇ္ဈတ္တံ ဝါ၊ မိမိအတွင်းသန္တာန်၌ ဖြစ်သော သင်္ခါရတို့သည်ရှင်း။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌ ဖြစ်သောသင်္ခါရ တို့သည်ရှင်း။ ဩဠာရိကာ ဝါ၊ ကြမ်းတမ်းသော သင်္ခါရ တို့သည်ရှင်း။ သုခုမာ ဝါ၊ သိမ်မွေ့သော သင်္ခါရတို့သည်ရှင်း။ ဟီနာ ဝါ၊ ယုတ်ညံ့သော သင်္ခါရတို့သည်ရှင်း။ ပဏီတာ ဝါ၊

မြင့်မြတ်သော သခ်ါရ တို့သည်ရှင်း။ ယေ ဒူရေ ဝါ၊ အကြင် အဝေး၌ ဖြစ်သော သခ်ါရတို့သည်ရှင်း။ ယေ သန္တိကေ ဝါ၊ အကြင်အနီး၌ဖြစ်သော သခ်ါရတို့သည်ရှင်း။ အတ္ထိ၊ သခ်ါရ များထွေ ရှိကြလေကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံ ကုန်သော။ တေ-တေ သခ်ါရာ၊ ထိုသခ်ါရ ဟူသမျှတို့သည်။ "န မမ၊ ငါ၏ပိုင်ဥစ္စာမဟုတ်။ သော၊ ထိုသခ်ါရအပေါင်းသည်။ န အဟမသ္မိ၊ ငါဖြစ်၍နေသည် မဟုတ်။ သော၊ ထိုသခ်ါရ အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တမဟုတ်"။ ဣတိ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဧတံ၊ ထိုခပ်သိမ်းဥဿုံ သခ်ါရဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော အတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲ နာမ်ခဲ ဖြိုခွဲ ဖောက်ထွင်း ဝိပဿနာဉာဏ် အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင် အပ်၏။

## (၁၃) ဝိညာဉ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အတီတာနာဂတပစ္စုပ္ပန္နံ၊ လွန်လေပြီးသော အတိတ်ကာလ,လာလတ္တံ့သော အနာဂတ် ကာလ, ယခုမျက်မှောက် ပစ္စုပ္ပန် ကာလ၌ ဖြစ်သော။ယံကိဉ္စိ ဝိညာဏံ၊ အကြင် အလုံးစုံသော ဝိညာဉ် တရားသည်ရှင်း။ အဇ္ဈတ္တံ ဝါ၊ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်သော ဝိညာဉ်သည် ရှင်း။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌ဖြစ်သော ဝိညာဉ်သည်ရှင်း။ ဩဠာရိကံ ဝါ၊ကြမ်းတမ်းသော ဝိညာဉ်သည်ရှင်း။ သုခုမံ ဝါ၊ သိမ်မွေ့သော ဝိညာဉ်သည်ရှင်း။ ဟီနံ ဝါ၊ ယုတ်ညံ့သော

ဝိညာဉ်သည်ရှင်း။ပဏီတံ ဝါ၊မြင့်မြတ်သောဝိညာဉ်သည်ရှင်း။ ယံ ဒူရေ ဝါ၊ အကြင် အဝေး၌ ဖြစ်သော ဝိညာဉ်သည်ရှင်း။ ယံ သန္တိကေ ဝါ၊အကြင်အနီး၌ ဖြစ်သော ဝိညာဉ်သည်ရှင်း။ အတ္ထိ၊ ဝိညာဉ်များထွေ ရှိကြလေ၏။ သဗ္ဗံ၊ ခပ်သိမ်းဉဿုံ အလုံးစုံသော။တော ဝိညာဏံ၊ ထိုဝိညာဉ်ဟူသမျှသည်။"နေ မမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ထိုဝိညာဉ် အပေါင်းသည်။ န အဟာမသ္မိ၊ ငါဖြစ်၍ နေသည်မဟုတ်။ ဧသော၊ ထိုဝိညာဉ် အပေါင်းသည်။ မေ၊ ငါ၏။ န အတ္တာ၊ အလိုသို့ လိုက်သော အလိုဆန္ဒအတိုင်း ဖြစ်တတ်သော အတ္တမဟုတ်"။ ဣတိ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ တော၊ ထိုခပ်သိမ်း ဉဿုံ ဝိညာဉ်ဟူသမျှ အလုံးစုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော အတိုင်း။ သမ္မပ္ပညာယ၊ ရုပ်ခဲနာမ်ခဲ ဖြိုခွဲ ဖောက်ထွင်း ဝိပဿနာ ဉာဏ်အလင်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုဆင်ခြင် အပ်၏။

## (၁၄) နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တဆယ့် ခြောက်ချက်ဖြစ်ပုံ

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧဝံ၊ ဤသို့ ခန္ဓာငါးပါး တို့၌ မမြဲသော အနိစ္စသဘော, ဆင်းရဲသော ဒုက္ခသဘော, အစိုးမရသော အနတ္တသဘောကို ဟောခဲ့ပြီးသော အတိုင်း။ ပဿံ ပဿန္တော၊ ပိုင်ပိုင်ထင်ထင် ရှုဆင်ခြင်သည်ရှိသော်။ သုတဝါ၊ ရုပ်,နာမ် တရားတို့၌ များသော အကြား အမြင် ရှိသော။ အရိယသာဝကော၊ ငါဘုရား၏ တပည့်မြတ်သည်။ ရူပသ္မိမ္ပိ၊ ရုပ်တရားအစု၌လည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ ပျင်းမုန်းလေ၏။ ဝေဒနာယပိ၊ ခံစားမှု

စံစားမှု ဝေဒနာအစုဉ္စလည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ သညာယပိ၊ မှတ်မှု သားမှု သညာ အစုဉ္စလည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်း လေ၏။သင်္ခါရေသုပိ၊ ပြုပြင်မှု သင်္ခါရအစုတို့ဉ္စလည်း။နိဗ္ဗိန္ဒတိ၊ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ဝိညာဏသ္မိမ္ပိ၊ အာရုံသိမှု ဝိညာဏ အစုဉ္စလည်း။ နိဗ္ဗိန္ဒတိ၊ အနှစ်သာရ မတွေ့ဘဲ ငြီးငေပျင်းမုန်းလေ၏။

နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ခန္ဓာပဉ္စကဉ္စ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ ပျင်းမုန်းလေသည်ရှိသော်။ ဝိရဇ္ဇတိ၊ မတွယ်မတာ မသာ ယာဘဲ ဘဏှာပြတ်ကင်းလေ၏။ ဝိရာဂါ၊ မတွယ်မတာ မသာ ယာဘဲ တဏှာပြတ်ကင်းမှုကြောင့်။ ဝိမုစ္စတိ၊ ကိလေသာ ဝဋ်တွင်းမှ လွတ်ကင်းထွက်မြောက်လေ၏။ ဝိမုတ္တသ္မိံ၊ ကိလေ သာ ဝဋ်တွင်းမှ လွတ်ကင်း ထွက်မြောက်လေသည် ရှိသော်။ ဝိမုတ္တမိတိ၊ ကျွတ်ပေပြီ လွတ်လေပြီဟူ၍။ ဉာဏံ၊ ဟုတ်တိုင်း အမှန် သိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်ပေါ်လေ၏။

ဇာတိ၊ ဘဝအသစ် အဖြစ်မစဲ အသစ်အသစ် လဲရမှုသည်။ ခီဏာ၊ အစတုံး၍ ကုန်ဆုံးခဲ့ရလေပြီ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ဟူသမျှကို။ ဝုသိတံ၊ ကျင့်သုံးခြင်းကိစ္စ ပြီးစီးခဲ့လေပြီ။ ကရဏီယံ၊ သစ္စာလေးသွယ်၌ ပြုဘွယ်ဟူသမျှ မဂ်ကိစ္စကို။ ကတံ၊ ကိစ္စတုံးအောင် လုံးလုံးကြီး ပြုအပ်လေပြီ။ ဣတ္ထတ္တာယ၊ ဤပစ္စုပ္ပန် ခန္ဓာအစဉ်မှ။ အပရံ၊ တပါးသော ခန္ဓာ အစဉ် သည်။ နတ္ထိ၊ ကင်းပြတ် ကုန်ကြွေ မရှိချေ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ထွန်းလင်းထိန်တောက် အသိဉာဏ် ပေါ်ပေါက် လေ၏။

## (၁၅) ပဉ္စဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံ

ဣဒံ၊ ဤအနတ္တလက္ခဏသုတ် စကားတော်ကို။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ အဝေါစ၊ အနတ္တဉာဏ် အမြင်သန့်အောင် ဉာဏ်ရောင်အလင်းဖွင့်၍ ကျူးရင့်ဟောကြားတော်မူပေ၏။ ပဉ္စဝဂ္ဂိယာ၊ ကောဏ္ဍည အမှူးငါးဦး အစုအဝေးရှိကုန်သော။ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ အနတ္တဉာဏ် ထက်သန့်ပွင့်လင်း ဝမ်းမြောက်ခြင်းရှိကုန်သည်ဖြစ်၍။ ဘဂဝတော၊ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော အနတ္တလက္ခဏ သုတ်တော်ကြီးကို။ အဘိနန္ဒုံ၊ ရွှင်လန်း အားရနှစ်သက်ကြလေကုန်သတည်း။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဂါထာ မဖက် စုဏ္ဏိယ သက်သက် ဖြစ်သော ဤအနတ္တ လက္ခဏသုတ်တော်ကြီးကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ ပဉ္စဝဂ္ဂိယာနံ၊ ကောဏ္ဍညအမှူး ငါးဦး အစုအဝေး ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနုပါဒါယ၊ ရုပ် နာမ် ခန္ဓာတို့၌ သာယာ စွဲငြိခြင်း မရှိဘဲ။ အာသဝေဟိ၊ စီးသွန် ကျလျှော အာသဝေါတို့မှ။ စိတ္တာနိ၊ စိတ်တို့သည်။ ဝိမုစ္စိံသု၊ ကျွတ်လွတ်ကြလေကုန်သတည်း။ ဝါ၊ ရဟန္တာဖြစ်ကြလေကုန်သတည်း။

အနတ္တလက္ခဏသုတ္တံ၊ အနတ္တ လက္ခဏသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

အနတ္တ လက္ခဏသုတ် နိဿယသစ်ပြီး၏။

## ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး

## ရေးသား ဆုံးမတော်မူအပ်သော

## ဆုံးမစာ

ဆိုပိမ့် မညှာ၊ စေ့စေ့ နာလော့၊ ဂင်္ဂါ သဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါတွင်၊ လူ့ရွာနတ်ဌ၊ နင်ကြုံကြိုက်လည်း၊ အမိုက် မချွေ၊ အလိုက်နေ၍၊ အခြေ မကြီး၊ အချည်းနှီးလျှင်၊ ယီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံး တိမ်တိုက်၊ လျှပ် မကြိုက်သား၊ အမိုက်အပြား၊ အင် လေးပါးထက်၊ နင်ကား ရာထောင်၊ မက မှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့ မလွဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင့်နှင်၊ မိုက်စရှင်၏ မျက်မြင်လောက၊ ဉာဏဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်ကို၊ နင့်ဉာဏ် မစူး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှု ရရ၊ နင် အားကျလည်း၊ ခါးပြေသေမင်း၊ သူ့တပ် နင်းက၊ မငြင်းဆန်သာ၊ နင့် ခန္ဓာသည် ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊ ရီးတီးရားဘား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊

တပန်းဟိုက်ဟိုက်၊တရှုံးကင်ငင်၊တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးဘည့်၊ အနှုန်းမပျက်၊အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်....၊ နင်လိုလူမိုက် သွားလမ်းတည်း။

---

## ကိုယ့်ကိုယ်ကိုသာ အားကိုးရမည်

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။

အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

အတ္တာ ဟိ = မိမိသည်သာလျှင်၊ အတ္တနော = မိမိ၏၊ နာထော=ကိုးကွယ် အားထားရာပေတည်း။

ပရော = မိမိမှတပါးသော၊ ကော = အဘယ်သူသည်၊ နာထော = ကိုးကွယ်ရာသည်၊ သိယာ = ဖြစ်နိုင်ပါအံ့နည်း။ အတ္တနာ ဟိ = မိမိသည်သာလျှင်၊ သုဒန္တေန = ကောင်းစွာ ယဉ်ကျေးသဖြင့်၊ ဒုလ္လဘံ = ရနိုင်ခဲသော၊ နာထံ=ကိုးကွယ်ရာကို၊ လဘတိ=ရနိုင်ပေ၏။

# ဓာရဏပရိတ်ပါဠိတော်

---

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အပ္ဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ ဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနု-

ပေက္ခာ[1]။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ အသမံ၊ သဗ္ဗသတ္တာနံ တာဏံ လေဏံ၊ သံသာရဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ။ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ၊ နာနာဘယဝိကော၊ န ဧကောဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ၊ န မူဠှကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကော။

၈။ တံ ဓာရဏပရိတ္တံ ယထာ ကတမေ၊ ဇာလော မဟာဇာလော၊ ဇာလိတ္တေ မဟာဇာလိတ္တေ၊ ပုက္ကေ မဟာပုက္ကေ၊

---

၁။ ဝိဘင်း၊မူလဋီကာ နှာ ၁·၂။ (အပ္ပဋိသင်္ခါန+ဥပေက္ခာ=အညာဏုပေက္ခာ)

သမ္ပတ္တေ မဟာသမ္ပတ္တေ၊ ဘူတင်္ဂမှိ တမင်္ဂလံ။ ဣမံ ခေါ ပနာ-နန္ဒ ဓါရဏပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဝတ္တေ အဝတ္တေ၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနော-မေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ဓါရဏေ အဓါရဏေ၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရုက္ခေ မဟာ-ယောရုက္ခေ၊ ဘူတင်္ဂမှိ တမင်္ဂလံ။

၄။ ဣမံ ခေါ ပနာနန္ဒ ဓါရဏပရိတ္တံ နဝ နဝုတိယာ သမ္မာ သမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ။ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ရောဂိလာ ခရလာ ဒုတ္တိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

# ဓာရဏာပရိတ် ပါဠိတော် နိဿယ

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဓိဝိတဿ၊ အသက်၏။ အန္တရာယော၊ ဘေးအန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထိုအတူ။ မေ၊ ငါ့အား။ ဟောတု၊ ဖြစ်စေသတည်း။

၂။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အတီတံသေ၊ လွန်လေပြီးသော အဖို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီး အတား အပိတ်အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝ-တော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အနာဂတံသေ၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီးအတား အပိတ်အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝ-တော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန် မျက်မှောက်ဖြစ်သော အဖို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီးအတား အပိတ်အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။

၃။ တီဟိ၊ သုံးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊

ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည်။ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ **မနောကမ္မံ**၊ နှလုံးဖြင့် ပြုအပ်သော အမှုသည်။ **ဉာဏပုဗ္ဗင်္ဂမံ**၊ ဉာဏ်တော် ပြဋ္ဌာန်းခြင်းရှိသည်။ **ဉာဏာ**နုပရိဝတ္တံ၊ ဉာဏ်တော်၏ **နောက်သို့** အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။

၄။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ **ဓမ္မေဟိ**၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဆန္ဒဿ၊ သတ္တဝါတို့၏ အကျိုးစီးပွါးကို ပြုလိုသော ဆန္ဒတော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဓမ္မဒေသနာယ၊ တရားတော်ကို ဟောပြောခြင်း၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝီရိယဿ၊ သူ**တပါး**တို့၏ **အကျိုးစီးပွါးအတွက်** ဆောင်ရွက်ခြင်း၌ လုံ့လဝီရိယတော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိပဿနာယ၊ **သင်္ခါရတရားတို့ကို အနိစ္စ** အစ ရှိသော **လက္ခဏာ**သုံးပါးဖြင့် ရှုမှု **ဝိပဿနာ** ဉာဏ်တော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ သမာဓိဿ၊ စိတ်တည်ကြည်မှု သမာဓိတော်၏။ **ဟာနိ**၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၏။ဟာနိ၊ ဆုတ်ယုတ် ခြင်းသည်။ နတ္ထိ၊ **မရှိ**။

၅။ ဒွါဒသဟိ၊ တဆယ့်နှစ်ပါး ကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒဝါ၊ ရယ်မြူးလို၍ ဆိုသော စကားသည်။ နတ္ထိ၊ မရှိ။ ရဝါ၊ သတိလွတ်၍ ချွတ်ယွင်းပြောဆိုသော စကားသည်။ နတ္ထိ၊ မရှိ။ အပ္ဖုဋ္ဌံ၊ ဉေယျဓံတရား ငါးပါးတို့၌ မနှံ့မသိ မထိခိုက်သော တရားသည်။ နတ္ထိ၊ မရှိ။ ဝေဂါယိတတ္တံ၊ မဆင်မခြင်လျင်မြန်စွာ ပြုသော အမှုသည်။ နတ္ထိ၊ မရှိ။ ဗျာဝဋမနော၊ နှောင့်ယှက် တွန့်တို ပိတ်ပင်သောနှလုံးတော်သည်။နတ္ထိ၊မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ၊ တေဘူမက သင်္ခါရတို့၌လျစ်လျူမရှုသော အမှုသည်။ နတ္ထိ၊ မရှိ။

အဋ္ဌာရသဟိ၊ တဆယ့်ရှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ပွင့်လု ပမာ ရွှေပန်းကြာသို့ တက်လာ အရုဏ် ခါနှင့်ကြုံက ဝတ်မှုံ ကားကား ပွင့်ဖြာအလို ရွှန်းစို တင့်ဆုံး မြပန်းကုံးဖြင့် ဆင့်ဆင့်ရသာ တန်ဆာဆင်သည်ဖြစ်၍ သဗ္ဗညုတဉာဏ် တော်ဖြင့် မသွေမလှန် မဖောက်မပြန် ကောင်းစွာ တရားကို သိတော်မူသော မြတ်စွာဘုရားတို့အား။ နမော-နမက္ကာရော၊ ရှိခိုးခြင်းသည်။ အတ္ထု-ဘဝတု၊ ဖြစ်စေသတည်း။

၆။ တထာဂတဿ၊ ဝိပဿိ အစရှိသောရှေးဘုရားတို့
ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား။
ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့်ပြုအပ်သော ကာယဒုစရိုက်သည်။
နတ္ထိ၊ မရှိ။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဝစီဒုစ္စရိတံ၊
နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်သည်။ နတ္ထိ၊ မရှိ။
တထာဂတဿ၊ မြတ်စွာဘုရားအား။ မနောဒုစ္စရိတံ၊ နှလုံးဖြင့်
ပြုအပ်သော မနောဒုစရိုက်သည်။ နတ္ထိ မရှိ။ အတီတံသေ၊
လွန်လေပြီးသော ကာလ၌။ ဗုဒ္ဓဿ မြတ်စွာဘုရားအား။
ပဋိဟတံ ဉာဏံ၊ ဆီးတားပိတ်ပင် တွန့်တိုခြင်းရှိသော ဉာဏ်
တော်သည်။ နတ္ထိ၊ မရှိ။ အနာဂတံသေ၊ နောင်လာလတ္တံ့
သော အခါ၌။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပဋိဟတံ ဉာဏံ၊
ဆီးတားပိတ်ပင် တွန့်တိုခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ၊
မရှိ။ ပစ္စုပ္ပန္နံသေ၊ မျက်မှောက်၌။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။
ပဋိဟတံဉာဏံ၊ ဆီးတားပိတ်ပင်တွန့်တိုခြင်းရှိသောဉာဏ်တော်
သည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံး
စုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့် ပြုအပ်သော အမှုသည်။
ဉာဏာပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွား မရှိခြင်းသည်။ ဉာဏံ၊
ဉာဏ်တော်သို့။ နာနုပရိဝတ္တံ၊ အစဉ်မလိုက်ခြင်းသည်။
နတ္ထိ၊ မရှိ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။
ဝစီကမ္မံ၊ နှုတ်ဖြင့် ပြုအပ်သောအမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ၊
ဉာဏ်တော်လျှင် ရှေ့သွား မရှိခြင်းသည်။ ဉာဏံ၊ ဉာဏ်တော်
သို့။ နာနုပရိဝတ္တံ၊ အစဉ်မလိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။
ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။မနောကမ္မံ၊
နှလုံးဖြင့် ပြုအပ်သောအမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်

လျှင် ရှေ့သွား မရှိခြင်းသည်။ ဉာဏံ၊ ဉာဏ်တော်သို့။ နာနုပရိဝတ္တံ၊ အစဉ်မလိုက်ခြင်းသည်။ နတ္ထိ၊မရှိ။

၇။ ဣမံ ခါရကံ၊ ဤခါရကအပရိတ်တော်သည်။ အမိတံ၊ မနှိုင်းယှဉ် အပ်ထသော။ အသမံ၊ တူမျှခြင်းလည်း မရှိထသော။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏။ တာဏံ၊ မှီခိုကိုးကွယ်ရာလည်း ဖြစ်ထသော။ လေဏံ၊ ပုန်းအောင်း လည်းလျှောင်းရာလည်း ဖြစ်ထသော။ သံသာရဘယဘီတာနံ၊ သံသရာတည်းဟူသော ဘေးရန်ကိုလည်း တားမြစ် ဖျက်ဆီး ပိတ်ပင်ကွယ်ကာ ဟန့်တားတတ်သော။ အဂ္ဂံ၊ အလွန် မြတ်စွာထသော။ မဟာတေဇံ၊ ကြီးသော တန်ခိုးရှိန်စော် အာနုဘော်လည်း ရှိထသော။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဣမံ ခါရကပရိတ္တံ၊ ဤခါရကအပရိတ်တော်ကို။ ခါရေဟိ၊ ရွက်ဆောင်လော့။ ဝါရေဟိ၊ မှတ်သားလော့။ ပရိပုစ္ဆာဟိ၊ မေးမြန်း စူးစမ်းဆင်ခြင်လော့။ တဿ၊ ထိုသို့ ရွက်ဆောင် မှတ်သား မေးမြန်း စူးစမ်းဆင်ခြင်သော သူ၏။ ကာယေ၊ ကိုယ်၌။ ဝိသံ-ဝိသေန၊ မြွေနဂါးတို့၏ အဆိပ် စသော ဘေးဖြင့်။ န ကမေယျ၊ မသေရာ။ ဥဒကေ၊ ရေ၌။ န လဂ္ဂေယျ၊ နစ်မွန်း၍ မသေရာ။ အဂ္ဂိ၊ မီးသည်။ န ဍဟေယျ၊ လောင်၍မသေရာ။ နာနာဘယဝိကော၊ အထူးထူး အပြားပြား များစွာသော ဘေးရန်တို့မှ မထိမရောက်နိုင်ရာ။ န ဧကာဟာရကော၊ တစုံတယောက်သော သူမျှ တရက် မကောင်းကြံခြင်းငှာလည်း မကြံနိုင်ရာ။ န ဒွိဟာရကော၊ နှစ်ရက်မကောင်း ကြံသော်လည်း မကြံနိုင်ရာ။ န တိဟာရကော၊ သုံးရက် မကောင်းကြံသော သူသည်လည်း

မကြံနိုင်ရာ။ န ဇတုဟာရကော၊ လေးရက် မကောင်း
ကြံသော သူသည်လည်း မကြံနိုင်ရာ။ န ဥမ္မတ္တကာ၊ ရူးသွပ်
ပုံ့လွင့်သော အနာလည်း မဖြစ်နိုင်ရာ။ န မူဠှကာ၊ တွေဝေ
မိုက်မဲသောအနာလည်း မဖြစ်နိုင်ရာ။ မနုဿေဟိ၊ လူတို့သည်
လည်းကောင်း။ အမနုဿေဟိ၊ ဘီလူးတို့သည်လည်းကောင်း။
န ဟိံသကာ၊ မညှဉ်းဆဲ မဖျက်ဆီး မနှိပ်စက်နိုင်ရာ။

၈။ တံ ဓာရဏပရိတ္တံ၊ ထိုဓာရဏပရိတ်တော်သည်။
ယထာ ကတမေ၊ အဘယ်သည် ဘို့နည်း ဟူမူကား။ ဇာဠလာ၊
စကြဝဠာ ကမ္ဘာတသောင်းကို လောင်ကျွမ်းစေသော နေ
ဘုန်စင်း၏ အရှိန်အစော်နှင့် တူသော တန်ခိုး ရှိန်စော်
အာနုဘော်တည်းဟူသော ဂုဏ်ရှိထသော။ မဟာဇာလော၊
နတ်, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်, ဘီလူး, ရက္ခိုသ်-အစရှိသည်
တို့ကို တားမြစ်နိုင်သော သံကွန်ရက်နှင့် တူသော ဘုန်းတန်
ခိုးရှိန်စော် အာနုဘော်တည်းဟူသော ဂုဏ်လည်း ရှိထသော။
ဇာလိတွော၊ ရေ, မီး, မင်း, ခိုးသူ, မချစ် မနှစ်လိုသောသူဟု
ဆိုအပ်သော ရန်သူ အန္တရာယ် အပေါင်းကိုလည်း ပယ်ရှား
တားမြစ်နိုင်ရာ၏။ မဟာဇာလိတွော၊ ရောဂန္တရကပ်, သတ္ထန္တရ
ကပ်, ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ်သော ကပ်သုံးပါးတို့မှ မထိ
မရောက်နိုင်ရာ။ ပုဂ္ဂေါ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေ နေသော်
လည်း အ, ခြင်း၊ ဆွံ့ ခြင်း၊ နားပင်းခြင်း၊ ရူးသွပ်ပုံ့လွင့်ခြင်း
အနာအမျိုးမျိုးတို့မှ လွတ်စေနိုင်ရာ၏။ မဟာပုဂ္ဂေါ၊ သစ်ပင်,
တောင်ကမ်း, ချောက်တို့မှ ကျကြွားသော်လည်း မသေနိုင်ရာ။
သမ္ဗတ္တော၊ မရသေးသော စည်းစိမ်ချမ်းသာ ရတနာ ဥစ္စာ
အပေါင်းတို့ကိုလည်း ရစေနိုင်ရာ၏။ မဟာသမ္ဗတ္တော၊ ရပြီး

သော စည်းစိမ်ချမ်းသာ ရတနာ ဥစ္စာအပေါင်းတို့သည်လည်း ကြီးကျယ်ပြန့်ပွား များစေရာ၏။ ဘူတဂ်ံမို၊ ဟုတ်မှန်သော အားဖြင့်။ တမင်္ဂလံ၊ အမိုက်ပျောက်၍ အလင်းရောက်ရာ၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ ပန၊ စင်စစ်အကယ် မလွဲသဖြင့်။ ဣမံ ဓာရဏပရိတ္တံ၊ ဤဓာရဏပရိတ်တော်ကို။ သတ္တာသတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋိယော၊ ခုနစ်ဆယ့်ခုနစ်ကုဋေ ကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ကောင်းစွာဟော တော်မူအပ်ပြီ။ ဝတ္တေ၊ ကောင်းသောအကျိုးနှင့် ယှဉ်ရာ၏။ အဝတ္တေ၊ မကောင်းသော အကျိုးနှင့် မယှဉ်ရာ။ ဂန္ဓဝေ၊ ကောင်းသော တရားအရသာ အနံ့မျိုးကို ဆောင်ရာ၏။ အဂန္ဓဝေ၊ မကောင်းသော တရားအရသာအနံ့မျိုးကို မဆောင် ရာ။ နော၀မေ၊ ကောင်းသောနှလုံးကို ဆောင်ရာ၏။ အနော-မေ၊ မကောင်းသောနှလုံးကို မဆောင်ရာ။ သေဝေ၊ သူတော် ကောင်းတို့နှင့် ပေါင်းဖော် ယှဉ်တွဲ မှီဝဲရာ၏။ အသေဝေ၊ သူတော် မဟုတ် သူယုတ်တို့နှင့် မပေါင်းဖော် မယှဉ်တွဲ မမှီဝဲရာ။ ကာယေ၊ ကောင်းသော ကိုယ်ကို ဖြစ်စေရာ၏။ အကာယေ၊ မကောင်းသော ကိုယ်ကို မဖြစ်စေရာ။ ဓာရဏေ၊ ကောင်းသော အမူ ကုသိုလ်ကို ပြုဆောင်ရာ၏။ အဓာရဏေ၊ မကောင်းသော အမူ အကုသိုလ်ကို မပြုဆောင်ရာ။ ဣလ္လိ၊ ကောင်းသော အိပ်မက်ကို မြင်မက်ရာ၏။ မိလ္လိ၊ မကောင်း သော အိပ်မက်ကို မမြင်မက်ရာ။ တိလ္လိ၊ ကောင်းသော တိတ် နိမိတ်ကို မြင်ရာ၏။ မိလ္လိ၊ မကောင်းသော တိတ်နိမိတ်ကို မမြင်ရာ။ယောရုက္ခေ၊ သေပြီးသောသစ်ပင်တို့ကို ရှင်စေရာ၏။ မဟာယောရုက္ခေ၊ ရှင်ပြီးသော သစ်ပင်တို့ သည်လည်း

ဒေသကိုင်း အခက် အရွက် အလက်နှင့် ပြည့်စုံစေရာ၏။ ဘုတင်္ဂမှို၊ ဟုတ်မှန်သော အားဖြင့်။ တမင်္ဂလံ၊ အမိုက်ပျောက်၍ အလင်း ရောက်ရာ၏။ ဒေသနန္ဒ၊ ချစ်သား အာနန္ဒာ။ ခေါ ပန၊ စင်စစ်အကယ် မလွဲသဖြင့်။ ဣမံ ဝေယျာ-ကရိဏ္ဍံ၊ ဤ ဝေယျာကရိတ်တော်ကို။နဝ နဝုတိယာသမ္မာသမ္ဗုဒ္ဓ-ကောဋီဟိ၊ ကိုးဆယ့် ကိုးကုဋေ ကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ဟောတော်မူအပ်ပြီ။

၉။ ဒိဋ္ဌိလာ၊ မကောင်းသဖြင့် ကြံသော သူတို့၏ အကြံ အစည်ကိုလည်း သိနိုင်မြင်နိုင်ရာ၏။ ဒက္ခိလာ၊ ခား, လုံ, လက်နက်,လေး, မြား, မီးပေါက်, အမြောက် အစရှိသော ဘေးတို့သည်လည်း မထိ မရောက် စေနိုင်ရာ။ မန္တိလာ၊ မန္တန်, မန္တရား,ဂါထာ,အင်းအိုင်တို့သည်လည်း ထက်မြက်စေနိုင်ရာ၏။ ရောဂိလာ၊ ရောဂါအန္တရာယ်မျိုးတို့ကိုလည်း ပယ်ဖျောက် စေနိုင်ရာ၏။ ခရလာ၊ ကြမ်းတမ်း ခက်မာသော အနာရောဂါမျိုးတို့မှလည်း မထိရောက်စေ နိုင်ရာ။ ဒုဗ္ဘိလာ၊ ကြိုးတိတ်, သံ ခြေကျဉ်း, ကပ်ဘိ, တွင်းလျှောင်, ပင်းတံခါး, လည်ဆောက် ကိုလည်း လွှတ်စေရာ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့မှန်သော သစ္စာ စကားကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ မေ၊ ငါ့အား။(တေ၊ သင့်အား။ အမှာက်၊ငါတို့အား။ဘုမှာက်၊ သင်တို့အား။) သောတ္ထိ၊ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ် စေသတည်း။

**ဝေယျာကရိတ် ပါဠိတော် နိဿယ ပြီး၏။**

# အဘိဏှသုတ် ပါဠိ-နိဿယ

သေရမှာ မကြောက်သူ

ကောင်းမှုပြုပြီးသူ သေရမှာမကြောက်

မိဘတာဝန် ကျေပြီးသူ သေရမှာမကြောက်

ဆွေမျိုးမိတ်ဆွေ တာဝန်ကျေ သေမှာမကြောက်ရ

အလှူဒါနပြုပြီးသူ သေမှာမကြောက်

ဖြစ်ပျက်သဘောကို သိသူသည် ငြိမ်းအေး၏

သေမင်းကို စစ်ခင်းချေမှုန်းသူ

မသေသူနှင့် သေသူ

ရှုပ်နာမ်ချုပ်ရာ ချမ်းသာအစစ်

နာမရူပဝဝတ္ထန် တရားတော်

သံဝေဂနှင့် သံဝေဂလင်္ကာ

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။

# အာဒီနဝသုတ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကတမာနိ ပဉ္စ—

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၃) မရဏ ဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ မှီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၅) ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

## အဘိဏှသုတ် နိဿယ

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိ ဌာနာနိ၊ ဤအကြောင်းတရားတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ လူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။

ပဉ္စ၊ ငါးပါးတို့သည်။ ဂ.တမာနိ၊ အဘယ်သည်တို့နည်း။

(၁) အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်း သဘောရှိသည်။ အမှို၊ ဖြစ်၏။ ဇရံ၊ အိုခြင်း သဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့၊ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၂) အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာခြင်း သဘောရှိသည်။ အမှို၊ ဖြစ်၏။ ဗျာဓိံ၊ နာခြင်း သဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၃) အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေခြင်း သဘောရှိသည်။ အမှို၊ ဖြစ်၏။ မရဏံ၊ သေခြင်း သဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၄) မေ၊ ငါ့အား။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ပိယေဟိ၊ ချစ်နှစ်လိုအပ်ကုန်သော။ မနာပေဟိ၊ နှလုံးကို ပွားစေတတ်သော အဆွေအမျိုး, အဆွေခင်ပွန်း, ချစ်ကျွမ်း

ဝင်သူတို့နှင့်။ နာနာဘာဝေါ၊ အရပ်တပါးသို့ ပြောင်းသွားသဖြင့် ရှင်ကွဲ ကွဲရခြင်းသည်၎င်း။ ဝိနာဘာဝေါ၊ဘဝတပါးသို့ ပြောင်းသွားသဖြင့် သေကွဲ ကွဲရခြင်းသည်၎င်း။ အမို့၊ ဖြစ်တတ်ချေ၏။ ဣတိ၊ ဤသို့။ အဘိဏှံ၊နေ့ညဉ့်မပြတ်။ပစ္စဝေက္ခိ-တဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၅) အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာ ရှိသည်။ ကမ္မဒါယာဒေါ၊ ကံသာလျှင် အမွေခံ ရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေအမျိုးရှိသည်။ ကမ္မပ္ပဋိသရဏော၊ ကံသာလျှင် ကိုးကွယ် လည်းလျောင်းရာ ရှိသည်။ အမို့၊ ဖြစ်၏။

ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ၊ပြုအံ့။ တဿ ကမ္မဿ၊ ထိုကောင်းမှု မကောင်းမှုကံ၏။ ဒါယာဒေါ၊ ကောင်းမွေ ဆိုးမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့။ ဣတိ၊ဤသို့၊အဘိဏှံ၊နေ့ ညဉ့် မပြတ်။ပစ္စဝေက္ခိတဗ္ဗံ။ ဆင်ခြင်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ ပဉ္စ ဌာနာနိ၊ ဤငါးပါးသော အကြောင်းတရားတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ လူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည်၎င်း။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။

အဘိဏှသုတ် နိဿယ ပြီး၏။

# ကြည်ကြည်လင်လင်

# သေပြီးနောက်
# သုဂတိရောက်လိုသော်

ဦးသောင်းလွင်-ဘီအေ

ဓမ္မာစရိယ ဝဍ္ဎံသကာ ဖော်ပြသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ၁၉၈၃

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန၏
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# ကြည်ကြည်လင်လင်

## သေပြီးနောက် သုဂတိရောက်လိုသော်

မကြာမီက ရင်းနှီးသောမိတ်ဆွေနှစ်ယောက်၏ ဇနီး နှစ်ယောက်တို့ ရန်ကုန်ဆေးရုံကြီးတွင် မိမိမျက်စိအောက်၌ သေဆုံးခဲ့ကြသည်။ ၎င်းတို့၏ ရောဂါဝေဒနာသည် ပို၍ ပို၍ ပြင်းထန်လာပြီး မုချ သေကြရတော့မည်ဟု သိရသော အခါ သက်သက်သာသာ သေ၍သေပြီးနောက် သုဂတိဘဝ ရောက်မည့် အဘိဓမ္မာကို ပြောပြလိုသောစိတ်များ ဖြစ်ပေါ် ခဲ့သည်။ သို့ရာတွင် သေလုဆဲဆဲ ဝေဒနာပြင်းစွာ ခံစားနေ ရသူအား "သင်သေတော့မည်" ဟု သတိပေးရာ ရောက် သွားပြီး ဝမ်းနည်းကြောက်ရွံ့သွားမည်စိုး၍ သေခြင်းဆိုင်ရာ ဗုဒ္ဓအဘိဓမ္မာကို မပြောခဲ့ရပေ။

အဘိဓာန်သုတ်တွင် မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် အတိုင်း "ငါသည်တနေ့တွင် မုချမသေသေရမည်ပါတကား" ဟု အမြဲမပြတ် ဆင်ခြင်လျက် သုတသောမကဲ့သို့ အသက် ရှင်စဉ် မသေခင်က ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ထားနှင့်ကြ ပြီး မကြောက်မရွံ့ စိတ်အေးသက်သာ သေ၍ သေပြီးနောက် သုဂတိ (လူ့ဘုံ၊ နတ်ဘုံ) သို့ရောက်နိုင်ကြရန်အတွက် ဤ ဆောင်းပါးကို ရေးသားကာ ဓမ္မမိတ်ဆွေများသို့ တင်ပြအပ် ပါသည်။

သုဂတိ ၂—၀း၀း၁၁—၈

## သေခြင်းနှစ်မျိုး

သတ္တဝါမှန်သမျှ နတ်မင်း ပြဟ္မာမင်းကြီးများ, ဘုရားပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင်မြတ်ကြီးများပါမကျန် ကံသက်တမ်းကုန်သောအခါ သေကြရသည်။ ထိုသို့ သေရာ၌ သေပြီးနောက်ပိုင်း အခြေအနေကို အစွဲပြု၍ သေခြင်းကို နှစ်မျိုးခွဲထားသည်။

(က) သေပြီးနောက် ရုပ်နာမ် ခန္ဓာချုပ်ငြိမ်းပြတ်စဲ၍ တုံဘဝတခု၌ အသစ်တဖန်ပြန်မဖြစ်သောသေခြင်း=ပရိနိဗ္ဗာန်စံခြင်းနှင့်—

(ခ) သေပြီးနောက် မိနစ်စက္ကန့်မခြားပဲ ဘုံဘဝတခု၌ အသစ်တဖန်ပြန်၍ ဖြစ်သောသေခြင်းတို့ ဖြစ်ကြသည်။

ပထမသေခြင်းမှာ ဘုရားရှင် ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင်မြတ်တို့၏ သေခြင်း-ပရိနိဗ္ဗာန် စံခြင်းဖြစ်၍ ကြည်ညိုအားကျ ပူဇော်ရုံမှအပ စာရှုသူတို့နှင့် သက်ဆိုင်ခြင်း မရှိသောကြောင့် ဤစာတမ်း၌ မဖော်ပြတော့ပါ။

အထက်ပါ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်သုံးမျိုးမှ တပါး ကျန်သတ္တဝါအားလုံးတို့သည် ဤဘဝ ဤခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းပြီးသည်နှင့်တပြိုင်နက် စက္ကန့်မိနစ်မခြားပဲ ဒုတိယဘဝသစ်၌ ရုပ်နာမ်ခန္ဓာ အသစ်တခု ဆက်ဖြစ်ရစေလာသည်။

# ကျွန်ုပ်တို့ အဘယ်ဘုံသို့ရောက်နိုင်သလဲ

စာရှုသူ မမြမိတ်ဆွေ....သင်နှင့်ကျွန်ုပ်တို့သည် တနေ့မှာ သေရမည်၊ သေလျှင် သင်နှင့်ကျွန်ုပ်တို့မှာ ဘုရားရဟန္တာ မဟုတ်သည့်အတွက် ဘုံဘဝတခုခု၌ ရုပ်သစ် နာမ်သစ်ဖြင့် သတ္တဝါတဦး ဖြစ်ရမည်။ ဘဝသံသရာခရီးဆက်ကြရမည်။ သင်နှင့် ကျွန်ုပ်တို့ (ဘယ်ဘုံသို့ ရောက်နိုင်သနည်း။ ဘာ သတ္တဝါ ဖြစ်နိုင်သနည်း။ သတ္တဝါတို့ဖြစ်ရာဘုံ (၃၁) ရှိသည်။ ဗြဟ္မာဘုံ (၂၀) နှင့် ကာမ (၁၁) ဘုံတို့ ဖြစ်သည်။ သင်နှင့် ကျွန်ုပ်တို့သည် ဈာန်အဘိညာဉ်ရအောင်ကျင့်ကြံ အားထုတ်ထားသော ပုဂ္ဂိုလ်များ မဟုတ်သည့်အတွက် ဗြဟ္မာဘုံ (၂၀) သို့ ရောက်ရန် အကြောင်းလုံးဝ မရှိပေ။ သင်နှင့်ကျွန်ုပ်တို့ သေပြီးနောက် ရောက်နိုင်ဖြစ်နိုင်သည်မှာ ကာမ (၁၁) ဘုံနှင့် ကာမသတ္တဝါ (၁၁) မျိုးသာ ဖြစ်ပေသည်။ ကာမ (၁၁) ဘုံဆိုသည်မှာ– ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော အပါယ် (၄)ဘုံနှင့်လူ့ပြည်၊ နတ်ပြည်ခြောက်ထပ် ဟူသော ကာမသုဂတိ (၇)ဘုံတို့ဖြစ်သည်။

သတ္တဝါတဦး သေပြီးနောက် ဖြစ်နိုင်သောဂတိ (၅) မျိုး ဘဝ (၅) မျိုးရှိသည်။

(က) ဒေဝဂတိ-နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ ၂၀-၌ နတ်ဗြဟ္မာ ဖြစ်ခြင်း၊

(ခ) မနုဿဂတိ-လူ့ပြည်၌ လူဖြစ်ခြင်း၊

(ဂ) တိရစ္ဆာနဂတိ-တိရစ္ဆာန်ဖြစ်ခြင်း၊

(ဃ) နိရယဂတိ-ငရဲဘုံ၌ ငရဲသား ဖြစ်ရခြင်း၊

(င) ပေတဂတိ-ပြိတ္တာဘုံ၌ ပြိတ္တာ ဖြစ်ရခြင်းတို့ ဖြစ်သည်၊

ထိုဂတိ(၅)မျိုး၊ ဘဝ(၅)မျိုးအနက် သင်နှင့် ကျွန်ုပ်တို့ သေပြီးနောက် နတ်ပြည်ခြောက်ထပ်ဟူသော ဒေဝဂတိနှင့် ကျန်ဂတိ (၄) မျိုးလုံး၌ ဖြစ်နိုင်သည်၊ တနည်းအားဖြင့် ဈာန်အဘိညာဉ်မရသော လူသာမန်တယောက် သေလျှင် ကာမ(၁၁)ဘုံ၌ ဂတိ ၅-မျိုး၊ ဘဝ ၅-မျိုး၌ဖြစ်နိုင်သည်။

## စုန်ကြမလား ဆန်ကြမလား

သင်နှင့် ကျွန်ုပ်တို့ သေပြီးနောက် ရောက်နိုင်သော ကာမ (၁၁)ဘုံတွင် အပါယ် ၄-ဘုံမှာ အစုန်ဖြစ်၍ လူ့ဘုံ နတ်ခြောက်ဘုံတို့မှာ အဆန်ဘုံများဖြစ်ကြသည်၊ ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အလျောက် ဩကာသ ကန်တော့ခန်းဘုရားရှိခိုးမှာပင် အပါယ် ၄-ပါး, ကပ်သုံးပါးမှ ကင်းလွတ်ရပါလို၏ ဟု ဆုတောင်းထားသဖြင့် အပါယ် ၄-ဘုံသားတို့၏ ဆင်းရဲဒုက္ခ ခံစားကြရပုံကို အတော်အတန် သိနားလည်ထားကြပြီး ဖြစ်လေသည်၊ ထို့ကြောင့် သင်တို့ သေပြီးနောက် စုန်ချင်ကြသလား ဆန်ချင်ကြသလား ဟု မေးရန်ပင် လိုမည်မထင်ပေ။ လူတိုင်းပင် သေပြီးနောက် လူ့ပြည် နတ်ပြည်သို့ ရောက်၍ လူ့ချမ်းသာ နတ်ချမ်းသာကို ခံစားချင်ကြမည် ဖြစ်ပါသည်။

လူ့ပြည် နတ်ပြည်ကို ရောက်ချင်တိုင်း ရောက်နိုင်ပါသလား ဟု စာရှုသူက ပြန်မေးချင်နေပြီထင်ပါသည်။ ရောက်ချင်လျှင် ရောက်နိုင်ပါသည်။ ရောက်နိုင်ဖို့အတွက် သေခါနီး စက္ကန့်ပိုင်း ကာလ စိတ်ထားမှန်ဖို့ အလွန်အရေးကြီးပါသည်၊ လူ့ဘုံနတ်ဘုံနှင့် အပါယ် ၄-ဘုံတို့မှာ အဆပေါင်း မနိုင်းယှဉ်လောက်အောင် ကွာခြားပါသည်။ သတ္တဝါတဦး သေပြီးနောက် အောက် အပါယ် ၄-ဘုံသို့စုန်ရမည်၊ အထက်လူ့ဘုံ နတ်ဘုံသို့ ဆန်ရမည်ကို အဆုံးအဖြတ်ပေးသည်မှာ ထိုသတ္တဝါ သေခါနီး စက္ကန့်ပိုင်းအလိုတွင် ဖြစ်သောစိတ်ထား (မရဏာသန္နဇော) သာ ဖြစ်ပါသည်။ ထိုစက္ကန့်ပိုင်း စိတ်ထားမှားလျှင် အပါယ်ဘုံသို့ ရောက်သွားမည်ဖြစ်၍ စက္ကန့်ပိုင်း စိတ်ထားမှန်လျှင် လူ့ဘုံ နတ်ဘုံသို့ရောက်သွားမည် ဖြစ်ပါသည်။

## ကံတခုတည်းက ပဋိသန္ဓေအကျိုးပေး

လူတယောက်သည် မွေးသည်မှ သေသည်အထိ ဘဝတခုအတွင်း၌ လောဘ ဒေါသ မောဟ တရားများ အခြေခံသော အကုသိုလ်ဒုစရိုက်မှုများကို သိန်းသန်း ကုဋေ ပြုလုပ်ခဲ့ကြမည်။ သဒ္ဓါတရားကို အခြေခံ၍ ကံ ကံ၏အကျိုးကို ယုံကြည်ကာ ဒါန သီလ ဘာဝနာမှု ကုသိုလ်တရားတို့ကိုလည်း သိန်းသန်းကုဋေပြုလုပ်ခဲ့ကြမည်။

ထိုကုသိုလ်မှု အကုသိုလ်မှုတို့ကို ပြုလုပ်ရာ၌ပြုဖြစ်အောင် စေ့ဆော် တိုက်တွန်းသော စေတနာကို ကံဟုခေါ်သည်။ လူတယောက်သည် ဘဝတခု၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့ ရေတွေး ပြုမိလျက်သား ဖြစ်နေပေသည်။ အကုသိုလ်ကံ

သည် အပါယ်ဘုံသို့ ကျရောက်စေ၍ ကုသိုလ်ကံက သုဂတိဘုံသို့ ရောက်အောင် တွန်းမြှောက်ပင့်တင်နိုင်ပေသည်။

ကံနှစ်မျိုးကို ပြုထားမိသော လူသားသည်သေဆုံးကွယ်လွန်သောအခါ ကုသိုလ်ကံက အရင်အကျိုးပေးမည်လော၊ အကုသိုလ်ကံက အရင်အကျိုးပေး မည်လော။ ကုသိုလ်ကံ သိန်းသန်းကုဋေထဲမှအဘယ်ကုသိုလ်ကံက ပထမအကျိုးပေး မည်နည်း။ ကုသိုလ်အားလုံး စုပေါင်းအကျိုးပေးမည်လော၊ အကုသိုလ်အားလုံး စုပေါင်းအကျိုးပေးမည်လော။

လူတယောက်သည် ဘဝတခု၌ ကံပေါင်းများစွာ ပြုလုပ်ခဲ့ သော်လည်း ထိုသူသေဆုံးသောအခါ ဘဝသစ်၌ ဆတ္တဝါ အသစ်အဖြစ် ပဋိသန္ဓေကိုဖြစ်စေသည်မှာ ကံတခုတည်းသာ ဖြစ်၏။ ထိုတခုတည်းသော ကံကား ကုသိုလ်ကံလည်း ဖြစ်နိုင် ၏။ အကုသိုလ်ကံလည်း ဖြစ်နိုင်၏။ဤနေရာတွင် ကံတရားများ၏ ပဋိသန္ဓေကျိုးပေးမည့်ဦးစားပေးအစဉ်ကိုသိထားရန်လို၏။

## ကံ ၄-မျိုး အကျိုးပေးအစဉ်

လူတယောက်သည် ဘဝတခုတွင် ကုသိုလ်, အကုသိုလ် နှစ်မျိုးစလုံးကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုသူ သေသောအခါ ထိုကံများအနက်မှ တခုတည်းသော ကံက သာ ပဋိသန္ဓေကျိုးကို ပေးမည်၊ (မွေးသည်မှသေသည်အထိ ပဝတ္တိအကျိုးကိုကား ကံပေါင်းများစွာက ထိုက်သင့်သလို ပေးမည် ဖြစ်ပါသည်)၊ အကျိုးပေး ဦးစားပေးမှုအရ ကံ တရားကို ၄-မျိုးခွဲထားသည်။ ရင်းတို့မှာ—

၁။ ဂရုကကံ ပထမ

၂။ အာသန္နကံ ဒုတိယ

၃။ အာစိဏ္ဏကံ တတိယ

၄။ ကဋတ္တာကံ စတုတ္ထ——

တို့ဖြစ်သည်။

အမိ, အဖ,ရဟန္တာသတ်သူ၊ သံဃာသင်းခွဲသူ၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် လုပ်သူ၏ကံကို အကုသိုလ် ဂရုကကံဟု ခေါ်၏၊ မြန်မာလို ကြီးလေးသော ကံဟု ခေါ်သည်။ ထိုဂရုကကံကိုပြုထားသောသူ သေလျှင် အခြားကုသိုလ်ကံတွေ မည်မျှပြုလုပ်ထားစေကာမူ ထိုဂရုကကံသာ ပထမဆုံး အကျိုးပေးမည်။ ဆိုလိုသည်မှာ ထိုသူသေလျှင် မုချကေန် အဝီစိငရဲသို့ ကျရောက်ရမည်။

မဟဂ္ဂုတ်စျာန် ၉-ပါးသည် ကုသိုလ် ဂရုကကံဖြစ်သည်။ မဟဂ္ဂုတ်စျာန်တပါးပါးကို ရထားသူဖြစ်ပါက ရှေးအခါကပြုခဲ့ဖူးသော အကုသိုလ်ကံ အခြားကုသိုလ်ကံများ ရှိစေကာမူ ဗြဟ္မာဘုံ ၂၀-သို့သာ ရောက်ကြရသည်၊တမဂ်တဖိုလ် ရထားသူဖြစ်လျှင်လည်း သုဂတိဘုံဘဝသို့သာ ကေန်ရောက်ရပေသည်။

ဂရုကကံကို မပြုလုပ်ခဲ့သော ပုဂ္ဂိုလ် အဖို့ သေခါနီးတွင်ပြုလုပ်သောကံ,ရှေးကပြုလုပ်ခဲ့သည်ကို ပြန်လည်အောက်မေ့ဆင်ခြင်သောကံက ပဋိသန္ဓေအကျိုးကို ပေးမည်။ထိုသေခါနီးပြုသောကံကို အာသန္နကံဟု ခေါ်သည်၊ ထိုသေခါနီးပြုသော အာသန္နကံသည် ကုသိုလ်ကံလည်း ဖြစ်နိုင်သည်။

အကုသိုလ်ကံလည်း ဖြစ်နိုင်သည်၊ အကုသိုလ်စောစိတ်ဖြင့် သေလျှင် အပါယ်၄-ပါးသို့ကျမည်။ ကုသိုလ်စောစိတ်ဖြင့် သေလျှင် လူ့ဘုံနတ်ပြည် ၆-ထပ်သို့ ရောက်မည်။

သေခါနီးပြုသော အာသန္နကံမရှိလျှင် ဘဝတသက်တာအတွင်း အမြဲတစေ အများအားဖြင့်ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်ကံတို့က အကျိုးပေးမည်။ ထိုကံကို အာစိဏ္ဏကံ= အမြဲလေ့ကျက်အပ်သော ကံဟု ခေါ်သည်။ သေခါနီးပြုသော အာသန္နကံမရှိမှ အာစိဏ္ဏကံ အကျိုးပေးနိုင်သည်ကို အထူးသတိပြုသင့် ကြသည်။ တသက်လုံး ကုသိုလ်ကောင်းမှုများ ပြုလာခဲ့စေကာမူ အကုသိုလ်စောစိတ်ဖြင့် သေခဲ့သော် အပါယ်သို့ကျရမည်။

ဘုရားရှင်လက်ထက် တသက်လုံးရဟန်းတရားကိုအားထုတ်ခဲ့သော တိဿမထေရ်ကြီးသည် သင်္ကန်းသစ်၌ စွဲလမ်းသော အာသန္နကံလောဘစောဖြင့် သေ၍ ၇-ရက်မျှ သန်းပြိတ္တာဖြစ်ခဲ့ရပေသည်။ အနှစ်နှစ်သောင်း ရဟန်းတရားအားထုတ်ခဲ့သော်လည်း ပိန်းပင်ကို လှေပေါ်မှဆွဲမိ၍ ပိန်းပင်ကျွတ်ပါလာသဖြင့် အာပတ်သင့်ပြီလောဟူသော ဝိနယကုက္ကုစ္စ အကုသိုလ်စောဖြင့် သေ၍ ဧရကပတ္တနဂါးဖြစ်ခဲ့ရသည်။

မုဆိုး, တံငါ, လူဆိုး,လူမိုက် ဖြစ်ခဲ့စေကာမူ ကုသိုလ်စောစိတ်ဖြင့်သေခဲ့လျှင် သုဂတိဘုံသို့ရောက်နိုင်သည်။ သာဓကပြရသော် သောဏမည်သော ရဟန်းတော်တပါးရှိသည်။ သူ၏ဖခင်သည် မုဆိုးအလုပ်ဖြင့် အသက်မွေးခဲ့၍ သေခါနီးသောအခါ ထိုမုဆိုးလုပ်ခဲ့သော အကုသိုလ်ကံက အကျိုးပေး

တော့မည်ဖြစ်၍ သူ၏ စိတ်အာရုံတွင်ခွေးနက်ကြီးများက သူ့ကိုလိုက်နေသည်ဟုပေါ်နေသည်။ ထို့ကြောင့် ထိတ်လန့်ပြီး ဦးပဉ္စင်းဘုရား....ခွေးနက်ကြီးတွေ လိုက်နေသည်မောင်းပါဟု အော်ဟစ်ပြောဆိုသည်။ ထိုအခါ ရှင်သောဏက သူ၏ဖခင်ဆည် အကုသိုလ်ကမ္မနိမိတ် ထင်နေပြီ၊ သေလျှင် အပါယ်ကျတော့မည်ဟု သိ၍ ရှပ်ပွားဆင်းတုတော်ရှေ့သို့ လူမမာကိုချီမ၍ ဘုရားရှင်အား ပန်း ဆီမီး ရေချမ်းကပ်ပါဟုပြော၏။ ဆားရဟန်း ပြောသည့်အတိုင်း ဘုရားဆင်းတုတော်အား ဖူးမြော်ကာ ပန်း ဆီမီး ရေချမ်းပူဇော်လိုက်သည်။ ထိုအခါ ဗိမာန် ပဒေသာပင်ကြီးများ အာရုံ၌ ပေါ်လာကာ ကုသိုလ်စိတ်ဖြင့် သေ၍ မုဆိုးကြီးမှာ နတ်ဘုံသို့ ရောက်သွားရလေသည်။

နှစ်ပေါင်း ၅၀ ထောင်မျှ သူသတ်သမားကြီးဖြစ်ခဲ့၍ ထိုအကုသိုလ်ကံများကို အောက်မေ့နေသဖြင့် တရားပင် ဖြောင့်အောင် မနာနိုင်သောတမ္ဗဒါဌိကအား ရှင်သာရိပုတြာက ဘုရင်ခိုင်း၍ သတ်လျှင် သင့်မှာ အပြစ်ရှိပါ့မလား ဟု ပရိယာယ်ဖြင့် ဟောလိုက်ရာ ဘုရင်ခိုင်းသဖြင့် သတ်ခြင်းဖြစ်၍ သူ့မှာအပြစ်မရှိဟု ယုံကြည်သွားပြီး တရားတော်ကို စည်ငြိမ်စွာ ဆက်လက်နာကြားနိုင်ပြီးနောက် မကြာမီ ထိုကုသိုလ်မရဏာသန္နဇောဖြင့် သေဆုံး၍ တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့ပေသည်။

ဖော်ပြပါဝတ္ထုသာဓကများကိုထောက်ထား၍ အာစိဏ္ဏကံ ကုသိုလ် ပြုထားသူတို့က "ငါတို့ကောင်းမှုပြုထားပြီပဲ၊ သေလျှင် သုဂတိရောက်ရမှာပေါ့"ဟု ပေါ့ပေါ့ဆဆ အမှတ်မဲ့

သေကြပါက သေခါနီး အကုသိုလ် အာသန္နကံက အကျိုးဝင်ပေး၍ အပါယ်ဘုံသို့ ကျရောက်နိုင်သည်ကို သတိပြုသင့်ကြပေသည်။ အာစိဏ္ဏကံ အကုသိုလ် များများ ပြုခဲ့သူတို့ကလဲ "ငါတို့သည် အကုသိုလ်ကံတွေ ပြုခဲ့မိပြီ၊ ထို့ကြောင့် သေယင်တော့ အပါယ်ကျတော့မှာပဲ"ဟု ဥပါဒါန် မစွဲလမ်းမကြောက်လန့်မူ၍ အာစိဏ္ဏကံ အကုသိုလ်ကို ကျော်လွှားနိုင်လောက်အောင် အားကောင်းသော အာသန္နကံ ကုသိုလ်ဖြင့် သုဂတိဘဝသို့ တက်လှမ်းသင့်ကြပေသည်။

("အာသန္နကံ ကုသိုလ်ရှိလျှင် သုဂတိဘဝ ရောက်နိုင်တာပဲ"ဟု အာသန္နကံ အားကိုးဖြင့် အကုသိုလ်ဒုစရိုက်မှုတို့ကို ရဲရဲဝံ့ဝံ့ မပြုမိကြရန် ဒါန သီလ ဘာဝနာ အာစိဏ္ဏကံ ကုသိုလ်တို့ကို မပြုပဲ မေ့မေ့လျော့လျော့ မနေမိကြရန်လည်း သတိရှိသင့်ပါသည်။ ကုသိုလ် အာသန္နကံကြောင့် သုဂတိသို့ ရောက်စေနိုင်သည့်အတွက် တသက်တာ ပြုခဲ့သော အာစိဏ္ဏကံ အကုသိုလ် တို့က တဆက် တည်း သော ဘဝအတွက် ပဋိသန္ဓေကျိုးကို မပေးနိုင်သော်လည်း နောက်နောင်ဘဝများ၌ ပဋိသန္ဓေကျိုးကို ပေးနိုင်သေးသည်။ အကုသိုလ်ကံ ပြုခဲ့သူတို့သည် ဖြစ်ရာဘဝ၌ အသက်တိုခြင်း၊ အနာများခြင်း၊ ဆင်းရဲခြင်း၊ အခြံအရံနည်းပါးခြင်း၊ ချစ်သူနည်းပါး မုန်းသူများခြင်း ဘဝအောက်တန်းကျခြင်း စသော ပဝတ္တိကျိုးများကိုလည်း မုချခံကြရမည်ကို သတိပြုကြ၍ ဒုစရိုက်မှုတို့ကို ကြိုးစားရှောင်ကြဉ်သင့်ကြလေသည်။

ဘဝသံသရာ လမ်းတလျှောက်တွင် သုဂတိဘဝသို့ရောက်၍ အသက်ရှည်၊ အဆင်းလှ၊ အနာကင်း၊ ချမ်းသာ၍ ခြွေရံ

သင်းပင်းများပြီး မိတ်ဆွေကောင်း ဆရာကောင်းနှင့် တွေ့၍ ပါရမီအဆင့်ဆင့်ဖြည့်ကာ ဒုက္ခခပ်သိမ်းတို့ ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် အသက်ရှိစဉ် မသေခင်က ဒါန၊ သီလ၊ သမာဓိ ပညာ အာစိဏ္ဏကံ ကုသိုလ်တို့ကို တတ်နိုင်သမျှ ကြိုးစားအားထုတ်ထားသင့်ကြပေသည်။)

အထက်ပါ ဂရုကကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ ၃-မျိုး အကျိုးပေးခွင့် မရှိမှသာလျှင် ဤဘဝ၌ သာမန် အမှတ်မထင် ပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံတို့က ပဋိသန္ဓေအကျိုးကို ပေးနိုင်ပေသည်။ ထိုစတုတ္ထကံကို ကဋတ္တာကံဟု ခေါ်သည်။

## သေခါနီးရှောင်ရန်

သေခါနီး၌ ကုသိုလ်အာသန္နကံဇောဖြင့် သေခဲ့လျှင် သုဂတိဘဝ (လူ့ ဘဝ,နတ်ဘဝ)ကို ရ၍ အကုသိုလ် အာသန္နကံဇော ဖြင့် သေခဲ့လျှင် ဒုဂ္ဂတိဘဝ(ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဘဝ)ကို ရမည်ဟု ဘုရားရှင်ဟောထားတော်မူသည်။သေခါနီး၌ ဇနီး ခင်ပွန်း သားသမီး ဆွေမျိုး ဆရာတပည့် တိုက်တာ အိုးအိမ် ပစ္စည်း ဥစ္စာတို့ကို စွဲလမ်း ငဲ့ကွက် တွယ်တာ၍ သေပါက မိမိအိမ်၌ မြွေ,ကြွက်,ခွေး,ဆိတ်,နွား စသည့် တိရစ္ဆာန် များနှင့် အစိမ်း တစ္ဆေ သူရဲစသော ပြိတ္တာတို့ ဖြစ်တတ် သည်။

ဘဒ္ဒဇိထေရ်၏ အလောင်း မဟာပနာဒ မင်း၏ ဆွေမျိုး များ ပြာသာဒ်ဆောင်ကြီးကိုစွဲလမ်းသေ၍ ထိုပြာသာဒ်အနီး၌ ငါး, လိပ်, ဖား,စသည်တို့ ဖြစ်ခဲ့သည်။ တိဿမထေရ်ကြီး သည် သင်္ကန်း၌စွဲလမ်းသေ၍ သန်းပြိတ္တာဖြစ်ခဲ့သည်။ ဖောက်

ပြုန်သောဇနီးအား စွဲလမ်းမှုဖြင့်သေ၍ ထိုဇနီးအိမ်၌ မြွေ, ခွေး, နွားငယ် သုံးဘဝ ဆက်တိုက် ဖြစ်ခဲ့ရသည်။သေခါနီးတွင် ငွေကြွက် တွယ်တာစွဲလမ်းမှု မရှိရန်၊ ငွေကြွက် တွယ်တာစွဲလမ်း၍ သေခြင်းကို ဘုရားရှင် ကဲ့ရဲတော်မူကြောင်း နကုလမာတာက နကုလပိတာအား သတိပေး ဆုံးမခဲ့သည်တို့ကို ဆင်ခြင် နှလုံးသွင်းလျက် ငွေကြွက် တွယ်တာ စွဲလမ်းမှုသံယောဇဉ်တို့ကို ဖြတ်တောက်၍သေခါနီး၌ မရဏာသန္နလောဘဇောမဇောမီအောင် သတိပြုသင့်ကြပေသည်။

တစုံတယောက် သေခါနီးဆဲဆဲ ဖြစ်နေလျှင် သားသမီး မြေး မြစ်နှင့် ဇနီး ခင်ပွန်းတို့ကို မမြင်ရအောင် အသံမကြားရအောင် စီမံထားသင့်ကြပေသည်။ အထူးသဖြင့် ပွဲဆွေငိုကြွေးနေသောရုပ်, အသံတို့ကို မမြင်မကြား စေရအောင် သတိပြု ဆင်ခြင်သင့်ကြပေသည်။

## အလွန်ကြီး မကြောက်ပါနှင့်

သဗ္ဗေ ဘာယန္တိ မစ္စုနော-သတ္တဝါ မှန်သမျှ သေရမှာ ကြောက်ကြသည်၊ ထိုသေရမှာ ကြောက်သူတို့တွင် ဘုရားရဟန္တာ ပုဂ္ဂိုလ်များ မပါပေ။ဘုရားရဟန္တာများမှာ ဤဘဝ ဤခန္ဓာကိုယ်ကို တပ်မက် စွဲလမ်းမှု မရှိ။ဒကာ ဒကာမတပည့်သာဝကတို့နှင့် ကျောင်းကန် တိုက်တာတို့ကို ငြိကပ်တွယ်တာ စွဲလမ်းမှု တဏှာမရှိသောကြောင့် သေရမှာ မကြောက်ခြင်း ဖြစ်သည်။

ပုထုဇဉ် လူသာမန်တို့ကား မိမိ၏ဘဝ ခန္ဓာကိုလည်း စွဲလမ်းသည်။ ဇနီး ခင်ပွန်း သားသမီး မြေးမြစ် ဆွေမျိုး

မိတ်သင်္ဂဟများကိုလည်း တွယ်တာသည်။ အိုးအိမ် ရွှေ ငွေ စသော ပစ္စည်းဥစ္စာတို့ကိုလည်း တပ်မက်နေသည်။ မိမိသေဆုံးသောအခါ ထိုဘဝခန္ဓာ ဇနီးခင်ပွန်း သားသမီးမြေးမြစ်ဆွေမျိုး စည်းစိမ်ဥစ္စာနှင့် ခွဲရတော့မည်ဟု တွေးမိကာ အလွန်အမင်း ကြောက်လန့်တတ်ကြသည်။

ကြောက် တတ် သော ပုထုဇဉ် မျိုးဖြစ် ၍ မကြောက်ပါနှင့်ဟု မတိုက်တွန်းလိုပါ။ သို့ရာတွင် သေခါနီးကာလတွင် အလွန့်အလွန်ကြီး ကြောက်ရွံ့မှု မဖြစ်စေရန် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရ အလိုသို့မလိုက်ခြင်း အနတ္တ၊ ရုပ်နာမ် သင်္ခါရတို့သည် ဖြစ်ပြီးနောက် ချုပ်ပျောက်ရခြင်းသဘော ရှိကုန်၏။ထိုရုပ်နာမ်တို့ ချုပ်ငြိမ်းရာနိဗ္ဗာန်သည်သာ ချမ်းသာအစစ်အမှန် ဖြစ် လေ သည် တကားဟု နှ လုံး သွင်း ဆင် ခြင် ခြင်း ဖြင့် သေခါနီး ကြောက်စိတ်ကို လျော့ပါးစေသင့်ကြပေသည်။ ကြောက်အားကြီး၍ စိတ်ဓာတ်ဆောက်တည်ရာမရ ဖြစ်နေပါက အထက်တွင်ပြခဲ့သော ကုသိုလ် မရဏာသန္နဇော မစောနိုင်ပဲ အကုသိုလ် ဒေါသဇောများစော၍ အပါယ်သို့ ကျရောက်တတ်သဖြင့် အလွန်အမင်း ကြောက်ခြင်းကို တရားသဘောဆင်ခြင်ခြင်းဖြင့် ရှောင်ကြဉ်သင့်လှပေသည်။

### သုတသောမထုံး နှလုံးမူ

သေရမှာကိုကြောက်တတ်သော ပုထုဇဉ် လူသာမန်တို့အား ပုထုဇဉ်ပင် ဖြစ်သော်လည်း သေရမှာကို မကြောက်သော သုတသောမထုံးကို နှလုံးမူ၍ သတ္တိရှိရှိ ကြည်ကြည်

လင်လင် သေနိုင်ကြရန် မဟာသုတသောမ ဇာတ်ကို အကျဉ်းဖော်ပြလိုပေသည်။

လူသားစား ပေါရိသာဒသည် မဟာသုတသောမမင်းအား သတ်၍ စားရန် ပြင်ဆင်နေသည်။ အခြားပုဂ္ဂိုလ်များကို သတ်၍စားမည်ပြုစဉ် လူတို့သည် ကြောက်ရွံ့ ရှန်းကန်ကြသည်။ သို့ရာတွင် သုတသောမမင်းကား ကြောက်ခြင်း လုံးဝမရှိ၊ ပကတိကြည်လင်သော မျက်နှာရှိသည်။ ထိုကြောင့် ပေါရိသာဒက သုတသောမမင်းအား ဘာကြောင့် သေရန်မကြောက်သလဲဟု မေးလေသည်။

သုတသောမမင်းက—

ပေါရိသာဒ.... ငါသည် ကုသိုလ်ကောင်းမှု တို့ကို များစွာပြုခဲ့ပြီးဖြစ်သည်။ မိဘတို့ကိုလည်း လုပ်ကျွေးခဲ့ပြီးပြီ။ ဆွေမျိုးမိတ်သင်္ဂဟတို့အား ပြုသင့်သည့် ဝတ်ကိုလည်း ပြုပြီးပြီ။ ပစ္စည်းဥစ္စာ များစွာတို့ကိုလည်း ရဟန်း သူတော်စင်တို့အား လှူဒါန်းပေးကမ်းခဲ့ပြီးပြီ။ ဤကုသိုလ်ကောင်းမှုတို့တို့ ပြုခြင်းဖြင့် တမလွန်ဘဝသို့ သွားရာ သံသရာ ခရီးလမ်းကို ရှင်းလင်းသုတ်သင်ပြီး ဖြစ်သည်။ ကုသိုလ်ကောင်းမှု ပြုထားပြီး ဖြစ်သောကြောင့် ငါသည် သေရမည်ကိုမကြောက်ဟု ဖြေကြားခဲ့သည်။

သင်တို့ ကျွန်ုပ်တို့လည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အလျောက် ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့ကြပြီး ဖြစ်သည်။ သေပြီးနောက် သုဂတိဘဝသို့ ရောက်နိုင်ရန် ဒါန, သီလ, သမာဓိ ပညာတရားတို့ကို စွမ်းနိုင်သမျှ ပြုလုပ်ဆည်းပူး ပွားများပြီး

ဖြစ်၍ တမလွန်လောက သွားရာလမ်းကို သုတ်သင် ရှင်းလင်းပြီးသူများသာ ဖြစ်ကြသည်။

သုတသောမမင်း၏ထုံးကို နှလုံးမူ၍ ကုသိုလ်ကောင်းမှုတို့ကို ပြုထားပြီးသော သင်နှင့် ကျွန်ုပ်တို့လည်း သေရမှာကို အလွန်ကြီး မကြောက်ကြပဲ အေးဆေးတည်ငြိမ်စွာ ကုသိုလ်မရဏာသန္ဓေဖြင့် သေနိုင်အောင် သတိပြုသင့်ကြပေသည်။

## သေခါနီးဆောင်ရန်

လူတယောက်သည် သေပြီးနောက် သုဂတိဘဝ(လူ့ဘဝ, နတ်ဘဝ)ကို ရောက်ရန်သေခါနီး၌ ကုသိုလ်စိတ် အစဉ်ဖြစ်ရန်, အာသန္နကံ ကုသိုလ်ဇော စောရန် လိုအပ်သည်။ ကံ ကံ၏ အကျိုးကို ယုံကြည်၍ ဘုရား,တရား,သံဃာ ရတနာသုံးပါး၏ ဂုဏ်ကို ဆင်ခြင်ပွားများ အောက်မေ့လျက် သေလျှင် သုဂတိဘဝသို့ ရောက်နိုင်သည်ဟု နေတ္တိပါဠိတော် ပသန္နစိတ္တသုတ်တွင် ဟောထားသည်။

သင်နှင့် ကျွန်ုပ်တို့သည် အလွန်တရာ ကြုံကြိုက်ခဲလှသော ဘုရားရှင် သာသနာနှင့် ကြုံတွေ့နေရသည်။ အလွန်တရာ ရနိုင်ခဲသော မနုဿတ္တဒုလ္လဘ လူ့အဖြစ်ကို ရနေကြသည်၊ ကြားနာရခဲလှသော သူတော်ကောင်းတရားကို ကြားနာဖတ်ရှုခွင့် သဒ္ဓမ္မသဝန အတိဒုလ္လဘ ကိုလည်း ကံကောင်းထောက်မ ရရှိနေကြသည်။ သူတော်ကောင်းတရားမှန်ကို နာကြားဖတ်ရှုခွင့် ရသဖြင့် ရတနာသုံးပါးနှင့် ကံ ကံ၏ အကျိုးကို ယုံကြည်မှု သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘကို ရရှိနေကြသည်။

ထိုသဒ္ဓါတရားဖြင့် ဒါနမှုတို့ကိုလည်း ပြုခဲ့သည်။ သီလမှုတို့ကိုလည်း ဆောက်တည်ခဲ့သည်။ ရုပ်နာမ်ခန္ဓာတို့၏ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တဟူသော လက္ခဏာယာဉ် သုံးပါးကိုလည်း တတ်အားသမျှ ပွားများခဲ့ကြသည်။ ဘုရားရှင်အား သစ်သီး ဆွမ်း, ပန်း, ရေချမ်း, ဆီမီးများ ဆက်ကပ်၍ ပရိတ်မေတ္တာတို့ကို ရွတ်ဆိုပွားများခဲ့ကြသည်။ ထိုသို့ ပြုလုပ်ခဲ့ပြီးသောကုသိုလ်တို့ကို ပြန်လည်အောက်မေ့ခြင်း၊ ထိုကံတို့ကို ယခုပင်ပြုနေရသလို စိတ်ထဲ၌ထင်လာခြင်းဖြင့် အာသန္နကံကုသိုလ်ဇောကို ဖြစ်စေနိုင်သည်။ အာသန္နကံ ကုသိုလ်ဇောစောနိုင်ရန်အတွက်လည်း အသက်ရှိစဉ် မသေခင်က ဒါန, သီလ, သမာဓိ, ပညာ, နိဗ္ဗိဒါကဏ္ဍ သုတ္တန်လာ တရားတို့ကို ပွားများအားထုတ်ကာ ကြိုတင်ပြင်ဆင်ထားသင့်ကြပေသည်။

ဘုရား တရား သံဃာ ရတနာသုံးပါး၏ဂုဏ်တော် ကျေးဇူးတော်တို့ကို ပွားများခြင်း၊ သက်တော်ထင်ရှား ဘုရားရှင်အား ရည်မှန်း၍ ရုပ်ပွားဆင်းတုတော်ကို မျက်စိအာရုံ စိတ်အာရုံမှာ ထင်စေ၍ စိတ်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ရုပ်နာမ်ခမ္မသခါရတရားတို့၏ အနိစ္စ,ဒုက္ခ, အနတ္တဖြစ်ပုံကို ဆင်ခြင်ပွားများခြင်း၊ ပရိတ်တရားတော်များ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ် ပဋ္ဌာန်းစသည်တို့ကို စိတ်ထဲမှ ရွတ်ဖတ် ဆင်ခြင်နေခြင်း၊ လူမမာ ကြည့်သူတို့ကဖွင့်ပြသော ပရိတ်တရားကက်ဆက်ခွေများကို နာကြားခြင်း စသည်တို့ဖြင့်လည်း အာသန္နကံကုသိုလ်ဇောကို ဖြစ်စေနိုင်ပေသည်။

ထို အာသန္နကံကုသိုလ်ဇော၌ ပါသော စေတနာသည် ကုသိုလ်ကံဖြစ်၏၊ ထိုကုသိုလ်ကံ၏ အကျိုးဖြစ်သော မဟာဝိပါက် ရှစ်ပါးအနက် တပါးပါးသည် ဘဝသစ်၌ ပဋိသန္ဓေစိတ် အမည်ခံလျက် သုဂတိ သတ္တဝါတဦး ဖြစ်လာပေသည်။

သေခြင်းဆိုင်ရာ အဘိဓမ္မာကို ကောင်းစွာ သဘော ပေါက်၍ သေခါနီးကာလတွင် ရှောင်ရန်တို့ကို ရှောင်၍ ဆောင်ရန်တို့ကို ဆောင်ကာ သေပြီးနောက် သုဂတိဘုံဘဝ ရောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသတည်း။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် [illegible]
ရက်စွဲ......
သုတေသနစာကြည့်တိုက်

ပ.မ.သ.စ – ၂၇၂–၁၁.၃.၇၅–၂၀၀၀၀ (၁)။

အစ်ကိုကြီး ဦးခိုးရ (မန္တလေး)

အသက် ၇၉-နှစ်အား ရည်စူးလျက်

စမ္မဒါနရှင်

ဦးဘမြိုင် B. A, B. L. ဇနီး ဒေါ်စန်းကြည် နှင့်

သားသမီးများ

၁။ ဦးဇော်ဖေဝင်း

၂။ ဒေါ်ကြည်ကြည်မြိုင် B. Com. (A.A.)
ဦးအေးဆွေ Chief Engineer (ကြယ်ငါးပွင့်)
သား-မောင်ဇင်မင်းဆွေ၊ သမီး မခိုင်မမဆွေ၊

၃။ ဦးကျော်ဆွေလင်း 4th Engineer (Kapal Management, Singapore)

၄။ ဒေါက်တာ မိုလ်ဌေးဌေးမြိုင် M.B.B.S.(Rgn.)